# မန္တလေး နေ့စဉ်

*The Mandalay Daily*

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၇၉)၊ ၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်၊ ၁၇–၂–၂၀၂၆၊ အင်္ဂါနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) **(ဓမ္မပဒ)**

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ရှိ ဟွေထိုက်ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ရှိ ဟွေထိုက်ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများ သွားရောက်ကြည့်ရှုစစ်ဆေး၊ ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်းများသို့ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

## ယခုစီမံကိန်းမှတစ်ဆင့် ဒေသ၏လူမှုအကျိုးစီးပွားကို များစွာအထောက်အကူပြုနိုင်သဖြင့် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ရှိ ဟွေထိုက်ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက ဟွေထိုက်ရေအားလျှပ်စစ်စီမံကိန်းအား ဘဏ္ဍာရေးနှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် လုပ်ငန်းပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မိုးရာသီမရောက်ရှိခင်ကာလအတွင်း လိုအပ်သည့်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန်၊ လျှပ်စစ်ဓာတ်အားလိုင်းများ သွယ်တန်းခြင်းလုပ်ငန်းများ ကြိုတင်စီမံဆောင်ရွက်ထားရန်နှင့် ဓာတ်အားဖြန့်ခွဲမည့်အစီအမံများကို ကြိုတင်ရေးဆွဲထားရှိရန်၊ ရာသီဥတုဆိုးရွားသည့် နေရာဖြစ်သဖြင့် အခြေခံ Foundation များအား မိုးရာသီမတိုင်မီ ပြီးစီးအောင်ဆောင်ရွက်သွားရန်၊ ယခုစီမံကိန်းမှတစ်ဆင့် ဒေသ၏လူမှုအကျိုးစီးပွားကို များစွာအထောက်အကူပြုနိုင်သဖြင့် စီမံကိန်းအား စနစ်တကျဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

စာမျက်နှာ ၃ သို့ ☆

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၆

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

၂၀၂၆ ခုနှစ် ၊ ဖေဖော်ဝါရီ ၁၇ ရက် ၊ အင်္ဂါနေ့ ။

## သာယာမှုအပေါင်း ခညောင်းနေသော တပေါင်းလ

မြန်မာ့ဆယ့်နှစ်လ ရာသီစက်ဝန်းကို ဥတုသုံးလီဖြင့် ပိုင်းခြား သတ်မှတ်သောအခါ နွေ၊ မိုး၊ ဆောင်းဟူ၍ ဖြစ်ပေါ်လာသည်။ တပေါင်းလသည် မြန်မာ့ဆယ့်နှစ်လရာသီ၏ နောက်ဆုံးလဖြစ်သည်။ တပေါင်းလ၏ ပထမလဝက်သည် ဆောင်းရာသီတွင်ပါဝင်ပြီး ဒုတိယလဝက်သည် နွေရာသီ၌ ပါဝင်လျက်ရှိသည်။ ဆောင်းတစ်ဝက်၊ နွေတစ်ခြမ်းတပေါင်းလကို "နေ့ပူလို့ ညချမ်း တပေါင်းလ သရမ်း"ဟု ဆိုစမှတ်ပြုကြသည်။

တပေါင်းလသည် သာယာမှုအပေါင်း ခညောင်းလျက်ရှိသည်။ တပေါင်းလဟူသည် ထန်းရည်များကို စုပေါင်းခံယူရသောလဖြစ်၍ ထန်းပေါင်း ထိုမှ တပေါင်းလဖြစ်လာသည်ဟု ရှေးကအဆိုရှိခဲ့သည်။ တပေါင်းလကို ဗေဒင်အလိုအရလည်း မိန်ရာသီဟု ခေါ်ပြန်သည်။ ပါဠိစကားမိနသည် ငါးသတ္တဝါဟု အဓိပ္ပာယ်ရပြီးမိနမှ မိန်ဖြစ်လာသည်။ ငါးများရှင်မြူးသော ရာသီဟူ၍လည်း ခေါ်ဆိုကြပြန်သည်။ ထိုသဘောကိုယူကာ တပေါင်းလမိန်ရာသီ၏ ရာသီရုပ်မှာ ငါးနှစ်ကောင်ရုပ်ဖြစ်လာသည်။ ထူးခြားသောလ အလှတရားဆုံရာ လဖြစ်၍ တပေါင်းသာခေါင် လများနောင်ဟု ပြောစမှတ်ပြုကြသည်။

ထို့အပြင် ဆောင်းနှောင်းစ နွေဖြစ်သောကြောင့် ဆောင်း၏ အငွေ့အသက်တို့ အနည်းငယ်အသက်ဝင်နေဆဲဖြစ်သည်။ မြူနှင်းတို့ဝေ့ဝဲ ကျဆင်းနေဆဲ ဆောင်းကြွင်းနှင်းမှုန်တို့ လေနှင့်အတူ လွင့်မျော်နေဆဲပင်ဖြစ်သည်။ နွေဦးနှင့်အတူ ဥဩငှက်တို့၏ တေးသီသံက အလွမ်းဓာတ်ခံရှိသူတို့အတွက် ကြေကွဲဖွယ်ကောင်းလှသည်။ တစ်နည်းအားဖြင့် နွေနိဒါန်းအဖြစ် နွေသရုပ်ကို ဖော်ထုတ်လိုက်သံအလား ရင်၌ခံစားရသည်။ ရွက်ဟောင်းတို့ကြွေ ရွက်သစ်ဝေလျက် သစ်ပင်ပန်းမန်များသည် နေရောင်ခြည်၏ နွေးထွေးမှုအောက်တွင် ဖူးဖွင့်ဝေဆာနေသည်ကို တွေ့မြင်နေရသည်။

မြန်မာ့ဆယ့်နှစ်လရာသီတွင် ရာသီအလိုက် ရာသီပန်းများရှိကြသည်။ တပေါင်းလ၏ ရာသီပန်းမှာ သရဖီပန်းဖြစ်သည်။ သရဖီပန်းတို့၏ မွှေးရနံ့သည် တောတောင်တစ်ခွင်လုံး သင်းပျံ့နေသဖြင့် "သရဖီရွှေခိုင်က လှိုင်ရာလေကော"ဟု ဦးယာက မှတ်တမ်းတင်ခဲ့သည်။ သရဖီပန်း၏ ဝင်းဝါနေသော အရောင်အသွေးနှင့် သင်းပျံ့နေသော မွှေးရနံ့တို့သည် တပေါင်းလ၏ သာယာကြည်နူးဖွယ်အလှကို တစ်ခုဖြစ်သည်။ သရဖီပန်းနှင့်အပြိုင် တပေါင်းလကို အလှဆင်နေသောပန်းမှာ အင်ကြင်းပန်းများဖြစ်ပြန်သည်။

တပေါင်းလသည် မိုးလေကင်းစင်သဖြင့် မြစ်၊ ချောင်း၊ အင်းအိုင် ရေကန်များတွင် ရေမျက်နှာပြင်သည် မှန်သားပြင်ကဲ့သို့ ကြည်လင်ပြီး တောရိပ်တောင်ရိပ်များ ထင်ဟပ်နေတတ်သည်။ ငါးတန်၊ ငါးမြင်း၊ ငါးပူတင်းတို့ ပျော်မြူးကြပြီး သမုဒ္ဒရာ ဝမ်းတစ်ထွာအတွက် ဝမ်းစာရှာနေရသော ကိုတံငါတို့ပိုက်ချသော ရာသီလည်းဖြစ်သည်။ မြစ်ကမ်းသောင်ယံအစပ်တွင်လည်း ဟသ်ာ၊ စင်ရော်စသော ငှက်များ မလေ့အလိုက် ပျော်မြူးနေကြသည်။ တပေါင်းလ၏ သာယာမှုအဖုံဖုံကို မြန်မာစာဆိုတို့သည် စိတ်အာရုံညွတ်ပြီး စာဖွဲ့ခဲ့ကြသည်။ ရှင်ဥတ္တမကျော်က "သဲခင်းသာဝယ်၊ သီတာကြည်လဲ့၊ ငှက်သံနွဲ့နှင်၊ လွမ်းဖွဲ့မြိုင်ခြေ၊ မြူခိုးဝေခဲ့"ဟူ၍လည်းကောင်း၊ ဦးကြင်ဥက "စရိုက်ကယ် ဖွေရှာ၊ ကိုတံငါလည်း ဘာသာဒေါင်ဒင်၊ ပျော်မြူးငယ်ရှင်သည်"ဟူ၍ တံငါတို့၏ သဘာဝကိုလည်းကောင်း၊ ဦးပုညက "ခါတပေါင်း၊ ရွက်ဟောင်း အကုန်ကြွေလို့၊ စုံခြေမှာ ရော်ဝါရင့်တာက၊ ကြံ့လေနော် ပေါ်လာပွင့်တယ်၊ ပန်းမင်းသရဖီ" ဟူ၍ တပေါင်းလ စာပန်းချီကို ခြယ်ပြခဲ့ကြသည်။

သို့ဖြစ်ရာ မြန်မာ့ဆယ့်နှစ်လရာသီတွင် သူ့ရာသီသူ့လအလိုက် သာယာပုံအမျိုးမျိုး ရာသီသဘာဝအဖုံဖုံရှိကြရာ သာယာမှုအပေါင်း ခညောင်းနေသော တပေါင်းလကို စာပန်းချီခြယ်သ၍ ကုန်နိုင်မည် မဟုတ်ဟု ရေးသားလိုက်ရပေသည်။

## သင်းဒီးစိုက်ပျိုးရေးနည်းပညာပေး ရေ့တန်းစခန်းအတွင်းရှိ ကျေးရွာအုပ်စု ၁၁ အုပ်စု၌ နှမ်း ၁၀၄၅၉ ဧက စိုက်ပျိုးသွားမည်

**ကျောက်ဆည် ဖေဖော်ဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ဒေသတွင်းစားသုံး ဆီဖူလုံရေးနယ်မြေ ဒေသအလိုက် ဆီထွက်သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ သင်းဒီးစိုက်ပျိုးရေးနည်းပညာပေးရှေ့တန်းစခန်းအတွင်းရှိ ကျေးရွာအုပ်စု ၁၁ အုပ်စု၌ နှမ်း ၁၀၄၅၉ ဧက စိုက်ပျိုးသွားရန် လျာထားသည်။

နွေနှမ်းသီးနှံများစိုက်ပျိုးရာ၌ နွားတက်၊ သင်းဒီး၊ အထက်လင်းဇင် မြောင်းရေများဖြင့် ဟံမြင့်မိုရ်ကျေးရွာအုပ်စု၌ ၇၀၂ ဧက၊ လယ်ကြီးကျေးရွာအုပ်စု၌ ၁၀၅၁ ဧက၊ ပုန်းညက်ကျေးရွာအုပ်စု၌ ၁၂၉၇ ဧက၊ ကျားကာ ကျေးရွာအုပ်စု၌ ၁၂၀၅ ဧက၊ သံရွာကျေးရွာအုပ်စု၌ ဧက ၆၅၀၊ ခါးတက္ကုန်း ကျေးရွာအုပ်စု၌ ၂၄၄ ဧက၊ ဆူးလေကုန်းကျေးရွာအုပ်စု၌ ဧက ၉၄၀၊ ပေါက်ပင်ကွေ့ကျေးရွာအုပ်စု၌ ၁၀၄၅ ဧက၊ မြေစိုးမိုး ကျေးရွာအုပ်စု၌ ၁၂၀၃ ဧက၊ ပဲခင်းကျေးရွာအုပ်စု၌ ၁၃၀၂ ဧက၊ ပေါင်လောင်ကျေးရွာအုပ်စု၌ ဧက ၈၂၀ စုစုပေါင်း ၁၀၄၅၉ ဧက လျာထား စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် နှမ်းသီးနှံများ စိုက်ပျိုးရာတွင် အောင်မြင်ဖြစ်ထွန်းစေရေးနှင့် အထွက်နှုန်းကောင်းမွန်စေရေး တောင်သူများနှင့်ပူးပေါင်းပြီး နည်းပညာများ စနစ်တကျ ပံ့ပိုးကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် နှမ်းစိုက်တောင်သူများကလည်း ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ဆင်းရတနာ(၄)နှမ်း အဖြူမျိုးများ အဓိကထားစိုက်ပျိုးကြကြောင်း သိရသည်။ (ဝ၄၅)

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်နှင့်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

**ပလတ်စတစ် ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့။**

## သီရိရွှေစင်-ပုလဲရတု (၂)ထပ်ကျောင်းဆောင် ရေစက်ချနှင့် ပေါင်းလဲဓမ္မဗိမာန်ပြုပြင်ရန် ငွေလှူဒါန်း

**မန္တလေး ဖေဖော်ဝါရီ ၁၆**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအနောက်ရပ်ကွက်၊ ပေါင်းလဲကျောင်းတိုက် ရွှေစေတီကျောင်းဝင်းအတွင်းတွင် ဆောက်လုပ်လှူဒါန်းသော သီရိရွှေစင်-ပုလဲရတု(၂)ထပ်ကျောင်းဆောင် ရေစက်ချပွဲနှင့် ပေါင်းလဲ ဓမ္မဗိမာန်တော်ကြီးအတွက် ငွေလှူဒါန်းခြင်းကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၇ နာရီတွင် ကျင်းပရာ တိုက်အုပ်ဆရာတော်ကြီးအမှူးပြု၍ ကျောင်းထိုင်ဆရာတော် ၂၉ ပါးကြွရောက်တော်မူပြီး ကျောင်းဒါယကာကြီး ပေါင်းလဲဂေါပက ဒုဥက္ကဋ္ဌ သုဓမ္မဇောတိကဓဇ ဦးအောင်နိုင်ဆွေ + ကျောင်းဒါယိကာမ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်မြင့်မြင့်နွယ်၊ (သား) ဒေါက်တာ ဟိန်းသူ၊ ကိုငြိမ်းခန့်ကျော်၊ သီရိရွှေစင် စိန်ရွှေရတနာဆိုင် မိသားစုနှင့်ဝန်ထမ်းများ၊ ဂေါပကဥက္ကဋ္ဌ ဦးမောင်မောင်တင်နှင့် အမှုဆောင်လူကြီးများ ဖိတ်ကြားထားသော မိတ်ဆွေများ စုံညီစွာတက်ရောက်ကြသည်။




အစီအစဉ်အရ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ဖွင့်လှစ်ပြီး တိုက်အုပ်ဆရာတော်ကြီး ဦးဇဝန(အနန္တဂုဏ်ရည်)မှ ရှစ်ပါးသီလ ချီးမြှင့်တော်မူသည်။ ၎င်းနောက် အလှူရှင် သီရိရွှေစင်မိသားစုက ရွှေသာလျောင်းပေါင်းလဲ ဓမ္မဗိမာန်တော်ကြီး ပြုပြင်ဆောက်လုပ်ရန်အတွက် ငွေကျပ်သိန်း ၁၀၀ နှင့် ရွှေစေတီကျောင်း လျှပ်စစ်မီးပဒေသာပင်အဖြစ် ငွေကျပ် သိန်း ၁၀၀ ပေးအပ်လှူဒါန်းရာ ဂေါပကဥက္ကဋ္ဌ ဦးမောင်မောင်တင်၊ ဒုဥက္ကဋ္ဌ ဦးမြင့်ဇော်၊ ဦးဌမ်းချို၊ အတွင်းရေးမှူး ဦးမောင်မောင်တို့မှ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်၍ လှူဒါန်းမှုအစုစုကို တိုက်အုပ်ဆရာတော်မှ ရေစက်သွန်းချ အမျှပေးဝေခဲ့ပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းကြောင်း သိရသည်။ (ဓဲပုံ)

(ကဆ)

## ချမ်းအေးသာစံမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်

**မန္တလေး ဖေဖော်ဝါရီ ၁၆**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးညီထွေးဦးက ဦးဆောင်ကာ အများပြည်သူများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းလုပ်ငန်းများကို ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၌ ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။ (ယာပုံ)

အဆိုပါ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မီးဘေးလုံခြုံရေးအတွက် တစ်အိမ်တက်ဆင်း စစ်ဆေးခြင်း၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ မီးသတ်ဦးစီးဌာန၏ အရေးပေါ်ဖုန်းနံပါတ်များ လိုက်လံကပ်ပေးခြင်း၊ 191 Report Application အား ပြည်သူများ၏ လက်ကိုင်ဖုန်းများတွင် ထည့်သွင်းပေးခဲ့ကြပြီး အသုံးပြုပုံများကို ရှင်းလင်းပြောကြားခဲ့သည်။

ထိုသို့ အသိပညာပေးခြင်းများဆောင်ရွက်ခြင်းကို ချမ်းအေးသာစံမြို့နယ်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးညီထွေးဦး၊ သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်စာရေးများက ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့မောင်(ချမ်း/စံ)**

ဝ-ဝ-ဝ-ဝ-ဝ



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(ဝ၁ဝ၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (ဝ၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ဝ၂-၂၈၄၇၃၉၈၊ ဝ၂-၂၈၃၂၀ဝ၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ဝ၉-၇၅၁၁၇ဝ၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လဟယ်မြို့ရှိ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ပညာရေးကြိုးစားအားထုတ်မှုရှိစေရေး အားပေးစကားပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ဟွေထိုက်ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ ပုံစံငယ်နှင့် ဓာတ်အားပေးစက်ရုံ တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

အဆိုပါ ဟွေထိုက် ရေအားလျှပ်စစ်စီမံကိန်းကို စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်အတွင်းရှိ ဟွေထိုက်ချောင်းပေါ်တွင် ၂၀၂၃ ခုနှစ်မှ စတင်၍ တည်ဆောက်နေခြင်းဖြစ်ပြီး ၄ မဂ္ဂါဝပ်တပ်ဆင်စက်အင်အားရှိလျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်၍ နှစ်စဉ်လျှပ်စစ်ဓာတ်အား ၂၈ ဒသမ ၃၈၁ ကီလိုဝပ် နာရီသန်းကို ထုတ်လုပ်နိုင်မည်ဖြစ်ပြီး စီမံကိန်းပြီးစီးပါက လဟယ်မြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာ ၁၂ ရွာ၊ အိမ်ထောင်စု ၁၇၁၈ စုကို လျှပ်စစ်ဓာတ်အားထုတ်လုပ် ဖြန့်ဖြူးပေးနိုင်မည့် အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်သည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အဖွဲ့ဝင်များလိုက်ပါ၍ လဟယ်မြို့ ထေရဝါဒဗုဒ္ဓသာသနာပြု (ဗဟို)ကျောင်းသို့ ရောက်ရှိပြီး နာဂတောင်တန်းသာသနာပြု ဗဟိုခေါင်းဆောင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ သာသနဓဇဓမ္မာစရိယ ဘဒ္ဒန္တသုမနအားဖူးမြော်ကြည်ညိုကာ စုပေါင်းနဝကမ္မအလှူတော်ငွေများ၊ ဆန်၊ ဆီ၊ ဆားနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဆရာတော်အား သာသနာတော် ထွန်းကားပြန့်ပွားရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းလျှောက်ထားပြီး ဆရာတော်၏ မိန့်ကြားမှုအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် လဟယ်မြို့ရှိ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ပညာရေးကြိုးစားအားထုတ်မှုရှိစေရေး အားပေးစကားပြောကြားသည်။

အလားတူ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ခရီးစဉ်တွင်လိုက်ပါလာသည့် ဇနီးဒေါ်ကြူကြူလှသည် ကော်မရှင်အတွင်းရေးမှူး၏ဇနီး၊ အဖွဲ့ဝင်များလိုက်ပါ၍ လဟယ်မြို့ ထေရဝါဒဗုဒ္ဓသာသနာပြု သီလရှင်ကျောင်းသို့ သွားရောက်၍ သီလရှင်ဆရာကြီးများအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်းနှင့် သီလရှင်ဆရာကြီးများ၏ မိန့်ကြားမှုများအပေါ်လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နာဂတောင်တန်းသာသနာပြုဗဟိုခေါင်းဆောင် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ သာသနဓဇဓမ္မာစရိယ ဘဒ္ဒန္တသုမနထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ လဟယ်မြို့ ထေရဝါဒဗုဒ္ဓသာသနာပြု သီလရှင်ကျောင်းရှိ သီလရှင်ဆရာကြီးများအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။






နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဟွေထိုက်ရေအားလျှပ်စစ်စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုနှင့်ပတ်သက်၍ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နှင့် လေရှီးမြို့တို့ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြား

## ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တစုတစည်းတည်း လျှောက်လှမ်းရန်လိုအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နှင့် လေရှီးမြို့တို့ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား သက်ဆိုင်ရာခန်းမများ၌ သီးခြားစီတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်ဇနီးနှင့် အဖွဲ့ဝင်များသည်လဟာယ်မြို့နှင့် လေရှီးမြို့တို့သို့ ရောက်ရှိကြရာ ဒေသခံတိုင်းရင်းသားပြည်သူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက သက်ဆိုင်ရာခန်းမများ၌ သီးခြားစီတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲ အခမ်းအနားများသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ၏ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ လဟာယ်မြို့နှင့်လေရှီးမြို့တို့ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ တိုင်းရင်းသားရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

### ဒေသဆိုင်ရာ အချက်အလက်များနှင့် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များအား အသီးသီး ဆွေးနွေးတင်ပြ

ဦးစွာ လဟာယ်မြို့နှင့် လေရှီးမြို့တို့မှ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် လေရှီးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမောင်တို့က ဒေသဆိုင်ရာ အချက်အလက်များ၊ ဒေသတည်ငြိမ်အေးချမ်းရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့မှု၊ နာဂဒေသအတွင်း မြေအသုံးချမှုနှင့် ပျမ်းမျှမိုးရေရရှိမှု၊ ကဏ္ဍကြီးများအလိုက် ကုန်ထုတ်လုပ်မှုများ တိုးတက်ထုတ်လုပ်နိုင်ခဲ့မှု၊ ရာသီအလိုက် သီးနှံများစိုက်ပျိုးလျက်ရှိမှု၊ ဒေသဝမ်းစာဖူလုံမှု၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ နိုင်ငံ့စီးပွားရေးမြှင့်တင်ရေး ရန်ပုံငွေများ ထုတ်ချေးပေးထားမှု၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ မြှင့်တင်ဆောင်ရွက်လျက်ရှိမှု၊ ဒေသတစ်ခု ထုတ်ကုန်တစ်ခု (OROP)ဖြင့် ရိုးရာအထည်များနှင့် စားသောက်ကုန်များ ထုတ်လုပ်ရောင်းချလျက်ရှိမှု၊ နာဂဒေသအဆင့်နှင့် သင့်လျော်သည့် ဌာနဆိုင်ရာ အဖွဲ့များအား လိုအပ်သလိုတိုးမြှင့်ဖွဲ့စည်းပေးစေလိုမှု၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မြို့တော်ခန်းမ ဆောက်လုပ်ပေးစေလိုမှု၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဌာန ဖွဲ့စည်းပေးစေလိုမှု၊ တယ်လီဖုန်းဆက်သွယ်မှုများ ပိုမိုကောင်းမွန်စေရေး ဆောင်ရွက်ပေးစေလိုမှု၊ နယ်စပ်ကုန်သွယ်ရေးဂိတ်စခန်းများ၊ လေရှီးမြို့ ပေါ်ရပ်ကွက်အချို့နှင့် ကျေးလက်ဒေသများ လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေး မတူဂီ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်မှု စက်ရုံအတွက် ရေလုံလောက်စွာရရှိရေး အဆင့်မြင့် ရေလှောင်ကန်နှင့် အဆင့်မြင့် စက်ပစ္စည်းများ ဖြည့်ဆည်းတည်ဆောက်ပေးစေလိုမှု၊ နာဂဒေသ တည်ငြိမ်အေးချမ်းရေးအတွက် ဒေသခံများအနေဖြင့် တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ ချင်းတွင်းတံတား(ထမံသီ)အား ဖွင့်လှစ်ပေးမှုအတွက် ဒေသခံပြည်သူများအနေဖြင့် ကျေးဇူးတင်ရှိမှု၊ ထမံသီ-လေရှီး-ဆွမ္မရာ လမ်းကြောင်းအား ရာသီမရွေးသွားလာနိုင်ရေး ဆောင်ရွက်ပေးစေလိုမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

### တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေး

ယင်းနောက်တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က လဟာယ်ဒေသအတွင်း ဆက်သွယ်မှုများ အဆင်ပြေချောမွေ့စေရေး

စာမျက်နှာ ၅ သို့ »»»




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ၊ နာဂရိုးရာ စာပေနှင့်ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက နာဂရိုးရာ ခေါင်းပေါင်း၊ ခြုံထည်နှင့် ရိုးရာလက်ဆောင်ပစ္စည်းများ ဂါရဝပြုဆင်မြန်းပေးအပ်စဉ်။

»»» စာမျက်နှာ ၄ မှ

တတ်နိုင်သမျှ ဖြည့်ဆည်း ဆောင်ရွက် ပေးလျက်ရှိမှုနှင့် ဆက်လက်၍ ပိုမိုကောင်းမွန်အောင် ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ ဒေသအတွင်း စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ တိုးတက်စေရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(ဟုမ္မလင်း)၌ နာဂဒေသမှ ကျောင်းသားကျောင်းသူများအား အထူးကိစ္စတစ်ရပ်အနေဖြင့် သင်ကြားခွင့်ပြုပေးထားမှု၊ ဒေသစိုက်ပျိုးရေး လုပ်ငန်းများ တိုးတက်စေရေး အတွက် ကုန်းမြင့်လယ်ယာများ တတ်နိုင်သမျှဖော်ထုတ်ပေးလျက်ရှိမှု၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်း စက်မှု၊ စိုက်ပျိုးမွေးမြူရေး အခြေခံပညာ အထက်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသဖြင့် ဒေသအလိုက် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာနိုင်မှု၊ ဒေသန္တရ မွေးမြူရေး လုပ်ငန်းများကို စနစ်တကျဖြင့် မွေးမြူဆောင်ရွက်စေလိုမှု၊ စိုက်ပျိုးရေးများ လုံလောက်စွာရရှိရေး ဘဏ္ဍာရေးနှစ်အလိုက်ဆောင်ရွက်ပေးလျက်ရှိမှု၊ ဘက်စုံသုံးခန်းမအား မြေနေရာအပေါ်မူတည်၍ ဆောက်လုပ်နိုင်ရေး တင်ပြဆောင်ရွက်သွားမည့် အခြေအနေများ၊ လမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်စေရေး ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ ရိုးရာယဉ်ကျေးမှုကွင်း တည်ဆောက်ရေးနှင့် ပတ်သက်၍ ဘဏ္ဍာရေးနှစ်အလိုက် ဆက်လက် ဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ လဟယ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လမ်းပန်း ဆက်သွယ်မှုများ ကောင်းမွန်စေရေးဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများ၊ ဌာနဆိုင်ရာများ တိုးချဲ့ဖွဲ့စည်းလိုမှုနှင့် ပတ်သက်၍ ဆက်လက်တင်ပြဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

## ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြား

ဆက်လက်၍ နိုင်ငံတော်ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဆွေးနွေးပြောကြားရာတွင် မိမိအနေဖြင့် နာဂဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ပေးနိုင်ရန်အတွက် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ လဟယ်မြို့တွင် ရိုးရာပွဲတော် ကျင်းပပြုလုပ်ရန်အတွက် ပွဲတော်ကွင်းနှင့် ဘက်စုံသုံးခန်းမ တည်ဆောက်ရန် အတွက် ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နာဂဒေသအတွင်း လမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်စေရေး ပြည်မအတွင်းသို့ ဆက်သွယ်သည့်လမ်းများကို ဦးစားပေးအနေဖြင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှုများ အဆင်ပြေစေရေးအတွက် ချင်းတွင်းမြစ်ကူး တံတား(ထမံသီ)ကို ယနေ့တွင် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

နာဂဒေသသည် သွားလာရန် ခက်ခဲသဖြင့် လမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်စေရေး လမ်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်စေလျက်ရှိကြောင်း၊ အလားတူ လဟယ်ဒေသနှင့် နန်းယွန်းဒေသသို့ဆက်သွယ်သည့် လမ်းအား ရာသီမရွေးသွားလာနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်မသို့ ဆက်သွယ်သည့်လမ်းများအဆင်ပြေချောမွေ့စွာဖြင့် သွားလာနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လမ်းပန်းဆက်သွယ်မှုအခက်အခဲများကြောင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပစ္စည်းများ သယ်ယူပို့ဆောင်ရန် အခက်အခဲများရှိကြောင်း၊ ထို့ကြောင့် ဒေသတွင်း လမ်းပန်းဆက်သွယ်မှုများ လုံခြုံချောမွေ့စေရေး မိမိတို့အနေဖြင့် ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

လဟယ်မြို့နယ် ဆေးရုံအတွက် ဆရာဝန်လိုအပ်ချက်နှင့် ပတ်သက်၍ ၂၀၁၂ ခုနှစ်မှ စတင်၍ နာဂဒေသအတွက် ဆရာဝန်လိုအပ်ချက်များရှိခြင်းကြောင့် တပ်မတော်အထူးကုဆရာဝန်များကို စေလွှတ်ပေးခဲ့ကြောင်း၊ လိုအပ်ချက်များရှိပါက မိမိတို့အနေဖြင့် ထပ်မံစေလွှတ်ပေးသွားမည်ဖြစ်ကြောင်း၊ ဆေးရုံရှိပါက ဆရာဝန်ရှိရမည်ဖြစ်သဖြင့် ဆရာဝန်များ ခန့်အပ်ပေးသွားမည်ဖြစ်ကြောင်း၊ ဆေးရုံအတွက် လိုအပ်သည့် ကုသရေးဆိုင်ရာပစ္စည်းများကိုလည်း တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

စာသင်ကျောင်းများအတွက် ဆရာ ဆရာမများ လိုအပ်မှုနှင့် ပတ်သက်၍ အလယ်တန်းပြဆရာ ဆရာမများ ပိုမိုလိုအပ်လျက်ရှိသည်ကို တွေ့ရကြောင်း၊ ဆရာ ဆရာမများ ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နာဂဒေသအတွင်း ပညာရေးနှင့်ပတ်သက်၍ ပညာတတ်များ ပေါ်ကြွယ်ဝစေရေး ပညာရေးကို အားပေးဆောင်ရွက်သွားကြစေလိုကြောင်း၊ စာရင်းဇယားများအရ တန်းစဉ်ကူးပြောင်းမှုများ နည်းပါးသည်ကို တွေ့ရကြောင်း၊ ပညာသင်ကြားရာတွင် ဘာသာစကားအရ အခက်အခဲများ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် လူကြီးမိဘများ၊ တာဝန်ရှိသူများ အနေဖြင့်လည်း မိမိတို့နိုင်ငံ၏ ရုံးသုံးဘာသာစကားဖြစ်သည့်မြန်မာစကားကို ကလေးငယ်များ တတ်ကျွမ်းစေရေး ပိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ သို့မှသာ ပညာသင်ကြားမှုကို အထောက်အကူ ပြုနိုင်မည်ဖြစ်ကြောင်း၊ အလားတူ အချို့ကျောင်းနေအရွယ် ကလေးငယ်များသည် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ကြားရန် ပျက်ကွက်နေကြသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် **ကျောင်းနေအရွယ် ကလေးငယ်များအားလုံးအတန်းပညာသင်ကြားနိုင်ရေး ဝိုင်းဝန်းတိုက်တွန်းဆောင်ရွက်ပေးကြစေလိုကြောင်း။**

နာဂဒေသတွင် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများအတွက် လူသားအရင်းအမြစ်များ ပေါ်ကြွယ်ဝလာစေရေး စက်မှု၊ စိုက်ပျိုးမွေးမြူရေး အခြေခံပညာအထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက် ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးခြင်းဖြင့် ဒေသအတွက် လိုအပ်သည့် စိုက်ပျိုးမွေးမြူရေးပညာရှင်များ မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့၏ သားသမီးများအား ပညာတတ် လူသားအရင်းအမြစ်များအဖြစ် ဆောင်ရွက်ပြီး ၎င်းတို့၏ အနာဂတ်ဘဝ တိုးတက်ရေးအတွက် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ စက်မှု၊ စိုက်ပျိုးမွေးမြူရေး အခြေခံပညာအထက်တန်းကျောင်းတွင် တက်ရောက်ပြီးစီးပါက ဟုမ္မလင်းမြို့ရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံသို့ တက်ရောက်ပြီး ဒီပလိုမာဘွဲ့များ ရရှိအောင် ဆက်လက်သင်ကြားနိုင်ကြောင်း၊ ထို့ကြောင့် ကျောင်းတက်ရောက်နေကြသည့် ကျောင်းသားကျောင်းသူများအားလုံး ပညာပြီးဆုံးအောင် သင်ကြားနိုင်ရေး နိုင်ငံတော်မှလည်း တတ်နိုင်သမျှ ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း။

လေရှီးဒေသနှင့် လဟယ်ဒေသတွင် ဝမ်းစာဖူလုံမှုမရှိသည်ကို တွေ့ရကြောင်း၊ ဒေသဝမ်းစာဖူလုံရေးသည် အရေးကြီးလိုအပ်ချက်ဖြစ်သဖြင့် ကုန်းမြင့်လယ်များကို မဖြစ်မနေ ဖော်ဆောင်ပေးသွားမည်ဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် အောင်ရေများရရှိအောင် စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လဟယ်ဒေသတွင် ဝဥ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်သည်ဟု သိရှိရကြောင်း၊ ဝဥမှ ဝဥဆန် ထုတ်လုပ်၍ရသဖြင့် ဝဥစိုက်ပျိုးရေးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး သုတေသနပြုဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံတော်မှလည်း ပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ အလားတူ ပြောင်းနှင့် အာလူးများကိုလည်း တိုးချဲ့စိုက်ပျိုးသွားရန်လိုကြောင်း၊ ဒေသမှထွက်ရှိသည့် လက်ဖက်၊ မက်မန်း၊ ကော်ဖီ၊ လိမ္မော်နှင့် ထောပတ်ပင်များသည် နှစ်ရှည်သီးနှံများဖြစ်ပြီး ဒေသအတွက် ဝင်ငွေများရရှိနိုင်မည်ဖြစ်သဖြင့် တိုးတက်စိုက်ပျိုးထုတ်လုပ်သွားနိုင်ရန်လိုကြောင်း။

မွေးမြူရေးနှင့် ပတ်သက်၍ စားရေးကို အထောက်အကူပြုစေမည့် နွားနောက်၊ ဒေသန္တရကြက်နှင့်ဝက်များကိုတိုးချဲ့မွေးမြူနိုင်ရေး ဆောင်ရွက်သွားကြမည်ဆိုပါက ဒေသဝမ်းစာအတွက် များစွာ အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ စာမျက်နှာ ၆ သို့ »»»




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လဟယ်မြို့နယ်နှင့် လေရှီးမြို့နယ်တို့ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လေရှီးမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

- ☆ **နိုင်ငံရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေခြင်းဖြစ်ပြီး မကြာမီက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့**
- ☆ **ရွေးချယ်ခံအစိုးရအနေဖြင့် ငါးနှစ်လျှင်တစ်ကြိမ် အပြောင်းအလဲရှိနိုင်သော်လည်း နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်နေရမည်၊ တပ်မတော်အနေဖြင့်လည်း မည်သည့်အစိုးရ တက်လာသည်ဖြစ်စေ နိုင်ငံတော်၏အကျိုးကို စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ချင်းတွင်းတံတား(ထမံသီ)ဖွင့်ပွဲသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် ဖေဖော်ဝါရီ ၁၆

ချင်းတွင်း မြစ်ကူးတံတား (ထမံသီ) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ထမံသီကျေးရွာအနီးရှိ အဆိုပါ တံတားနေရာ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့် ဖွင့်လှစ်ပေးသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အတူဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အနောက်မြောက် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်ဇနီး၊ အဖွဲ့ဝင်များသည်

စာမျက်နှာ ၇ သို့ ●





နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ချင်းတွင်းတံတား(ထမံသီ) ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။



နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမြထွန်းဦး၊ ဦးမင်းနောင်၊ ဦးမျိုးသန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်တို့က ချင်းတွင်းတံတား(ထမံသီ)အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

---

»» စာမျက်နှာ ၅ မှ

ဒေသအတွင်းမှ ထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထွက်ကုန်များဖြင့် MSME ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်နိုင်သဖြင့် ဒေသ၏ဝင်ငွေကို တိုးတက်ရရှိစေမည်ဖြစ်ကြောင်း၊ ဒေသတွင်းရှိပြီးဖြစ်သည့် ဝါးနှင့် ကြိမ်များကို ဒေသပြင်ပသို့ ကုန်ကြမ်းအဖြစ် တင်ပို့ခြင်းထက် ဒေသတွင်း၌ပင် ထုတ်လုပ်နိုင်သည့် ဝါးပျော့ဖတ်လုပ်ငန်းနှင့် ကြိမ်အချောထည်လုပ်ငန်းများကို ဆောင်ရွက်၍ ရောင်းချနိုင်ပြီး နိုင်ငံတော်ကလည်း ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဒေသတွင်း ဝင်ငွေတိုးတက်ရရှိအောင် ဆောင်ရွက်နိုင်ခြင်းဖြင့် ဒေသတိုးတက်ရေးကိုများစွာအထောက်အကူပြုစေမည်ဖြစ်သဖြင့် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် ဒေသတွင်း ပညာတတ်လူသားအရင်းအမြစ်များလိုအပ်သဖြင့် ပညာရေးကို အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ ပညာတတ် လူသားအရင်းအမြစ်များ ပေါများကြွယ်ဝလာခြင်းအားဖြင့် တစ်ဦးချင်းသော်လည်းကောင်း၊ ဒေသအတွက်သော်လည်းကောင်း အနာဂတ်ကို ကောင်းမွန် တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

**ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် ပြည်ထောင်စု စိတ်ဓာတ်ဖြင့် အားလုံးက တစုတစည်းတည်း လျှောက်လှမ်းရန်လို**

နိုင်ငံရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေခြင်းဖြစ်ပြီး မကြာမီက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း၊ ရွေးချယ်ခံအစိုးရအနေဖြင့် ၅ နှစ်လျှင် တစ်ကြိမ် အပြောင်းအလဲရှိနိုင်သော်လည်း နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်နေရမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့်လည်း မည်သည့်အစိုးရ တက်လာ

> ☆ **မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်နေထိုင်သူများက အမှန်တကယ် ဆောင်ရွက်သွားကြရန်လို**
>
> ☆ **မိမိတို့ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားကြရန်နှင့် ဒီမြေမှာမွေး၊ ဒီရေကိုသောက်ကြသူများဖြစ်သဖြင့် ဒေသအကျိုးနှင့် နိုင်ငံ့အကျိုးအတွက် အားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားကြစေလို**
>
> ☆ **ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အားလုံးကတစုတစည်းတည်း လျှောက်လှမ်းရန် လိုအပ်သဖြင့် ပြည်ထောင်စုစိတ်ဓာတ်မွေးမြူ၍ နိုင်ငံတော်အတွက် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်**

သည်ဖြစ်စေ နိုင်ငံတော်၏အကျိုးကို စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပွားခဲ့ခြင်းကြောင့် တပ်မတော်အနေဖြင့် **ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံ့အရေးအတွက် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊** မိမိတို့အနေဖြင့် ပြည်ထောင်စုကြီး ရေရှည်တည်တံ့ခိုင်မြဲစေရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အတွက် နိုင်ငံတော် တာဝန်များကို ထမ်းဆောင်ခဲ့ခြင်းဖြစ်ကြောင်း။

မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်နေထိုင်သူများက အမှန်တကယ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားကြရန်နှင့် ဒီမြေမှာမွေး၊ ဒီရေကိုသောက်ကြသူများဖြစ်သဖြင့် ဒေသအကျိုးနှင့် နိုင်ငံ့အကျိုးအတွက် အားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားကြစေလိုကြောင်း၊ **ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် ပြည်ထောင်စု စိတ်ဓာတ်ဖြင့် အားလုံးက တစုတစည်းတည်း လျှောက်လှမ်းရန် လိုအပ်သဖြင့်** ပြည်ထောင်စုစိတ်ဓာတ်မွေးမြူ၍ နိုင်ငံတော်အတွက် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာ ရေးကော်မရှင် ဥက္ကဋ္ဌက လဟယ်မြို့နယ်နှင့် လေရှီးမြို့နယ်တို့ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ အတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ၊ နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌထံ နာဂရိုးရာခေါင်းပေါင်း၊ ခြုံထည်နှင့် ရိုးရာလက်ဆောင်ပစ္စည်းများအား ဂါရဝပြု ဆင်မြန်းပေးအပ်သည်။

ယင်းနောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌသည် တွေ့ဆုံပွဲအခမ်းအနားများသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

● စာမျက်နှာ ၆ မှ

အခမ်းအနား ကျင်းပပြုလုပ်မည့် နေရာသို့ ရောက်ရှိကြရာ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၊ တိုင်းရင်းသားရိုးရာအကအဖွဲ့များ၊ ဘင်ခရာအဖွဲ့များနှင့် ဒေသခံ တိုင်းရင်းသား ပြည်သူများက လှိုက်လှဲနွေးထွေးစွာဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် မင်္ဂလာအချိန်တွင် ချင်းတွင်းတံတား(ထမံသီ)အား ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမြထွန်းဦး၊ ဦးမင်းနောင်၊ ဦးမျိုးသန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ချင်းတွင်းတံတား (ထမံသီ) ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ ဆက်လက်၍ ကော်မရှင်အတွင်းရေးမှူးနှင့် အခမ်းအနားတက်ရောက်လာကြသူများက ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌထံသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ချင်းတွင်းတံတား(ထမံသီ) ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။ ထို့နောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ကျောင်းသား ကျောင်းသူများနှင့် တိုင်းရင်းသားအကအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ချင်းတွင်းတံတား(ထမံသီ)ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ချင်းတွင်းတံတား (ထမံသီ)ပေါ်တွင် ဖြတ်သန်းကြည့်ရှုပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြသည်။

ထို့နောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် တံတားဖွင့်ပွဲသို့ လာရောက် အားပေးလျက်ရှိကြသည့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ လူမှုစီးပွားအခြေအနေများအား မေးမြန်းပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တိုင်းရင်းသားရိုးရာအကဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

### အထောက်အကူဖြစ်စေမည်

အဆိုပါ ချင်းတွင်းတံတား (ထမံသီ)အနေဖြင့် တံတားအရှည် ၂၆၂၈ ပေရှိပြီး သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ကြောင်း၊ ရေလမ်းကင်းလွတ်အမြင့် ပေ ၄၀ ရှိကြောင်း၊ ယခုကဲ့သို့ ချင်းတွင်းတံတား (ထမံသီ)ကို တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြင့် ဟုမ္မလင်းခရိုင်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ရှိ ပြည်သူများ၏ လူမှုစီးပွားဘဝနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသထွက်ကုန်များအား လွယ်ကူလျင်မြန်စွာ ပို့ဆောင်နိုင်ရေးနှင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို များစွာအထောက်အကူဖြစ်လာစေမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ချင်းတွင်းတံတား(ထမံသီ) ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည် ပက်ဖျန်းပေးစဉ်။



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ချင်းတွင်းတံတား (ထမံသီ)ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင် ဂါရဝပြုပေးအပ်စဉ်။



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျောင်းသား ကျောင်းသူများနှင့် တိုင်းရင်းသားအကအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။



ချင်းတွင်းတံတား(ထမံသီ)ကို တွေ့ရစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စတုတ္ထအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ မဟာထေရ်မြတ်၏ အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာ

[၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက် (၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်) တနင်္လာနေ့]

နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စတုတ္ထအစည်းအဝေးသို့ ကာယသာမဂ္ဂီ၊ စိတ္တသာမဂ္ဂီပေးကာ ကြွရောက်တော်မူလာကြကုန်သော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်အရှင်မြတ်တို့ဘုရား။

ဆရာတော်အရှင်မြတ်တို့သည် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် သာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွား တိုးတက်အောင် ဆောင်ရွက်နိုင်ကြပါစေဟု အာသီသပတ္ထနာပြုလျက် နှုတ်ခွန်းဆက်စကား ရှေးဦးစွာ လျှောက်ထားအပ်ပါသည်ဘုရား။

ယနေ့အစည်းအဝေးသည် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စတုတ္ထအစည်းအဝေးကြီး ဖြစ်ပါသည်ဘုရား။ ၁၉၈၀ ပြည့်နှစ်တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကို စတင်ဖွဲ့စည်းနိုင်ခဲ့ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ပထမအကြိမ်မှ တတိယအကြိမ်အထိ သက်တမ်းမှာ ငါးနှစ်သက်တမ်းရှိခဲ့ပြီး ၁၅ နှစ်ကြာရှည်ခဲ့ပါသည်ဘုရား။ စတုတ္ထအကြိမ်မှ အဋ္ဌမအကြိမ်အထိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်များ၏သက်တမ်းမှာခြောက်နှစ်သက်တမ်းသို့ ပြောင်းလဲခဲ့ရာ ခြောက်နှစ်သက်တမ်း ငါးကြိမ်ရှိခဲ့ရာ နှစ်ပေါင်း ၃၀ ကြာညောင်းခဲ့ပါသည် ဘုရား။ ထိုသက်တမ်းနှစ်ကြိမ်ပေါင်းခဲ့သော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး စတင်ဖွဲ့စည်း၍ သာသနာတော်အရေးကိစ္စတို့ကို ဆောင်ရွက်လာခဲ့ကြသည်မှာ နှစ်ပေါင်း ၄၅ နှစ်ကျော်ခဲ့ပြီ ဖြစ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား -**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အနေဖြင့် ၄၇ ပါးစုံညီ အစည်းအဝေးများကို ပထမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ပထမအစည်းအဝေး၊ ဒုတိယအစည်းအဝေးစသည်ဖြင့် ကျင်းပခဲ့ကြရာ ဧကူနဝီသတိမ အစည်းအဝေးထိ အစည်းအဝေးပေါင်း ၁၉ ကြိမ် ကျင်းပခဲ့ပါသည် ဘုရား။ ဧကူနဝီသတိမ အစည်းအဝေးအပြီးတွင် ဒုတိယအကြိမ်သို့ ကူးပြောင်း၍ ဒုတိယအကြိမ်တွင်လည်း ပထမအစည်းအဝေးမှ ဧကူနဝီသတိမ အစည်းအဝေးထိ လေးလပတ်တိုင်း ကျင်းပ၍ ယခုအချိန်ထိဆိုပါမူ နဝမအကြိမ်၏ စတုတ္ထ အစည်းအဝေးတိုင် အစဉ်အဆက်ကျင်းပခဲ့ပြီးဖြစ်ပါသည် ဘုရား။ အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဧကူနဝီသတိမအစည်းအဝေး ကျင်းပပြီးခဲ့ချိန်တွင် နဝမအကြိမ်သို့ ကူးပြောင်း၍ နဝမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ပထမအစည်းအဝေးကို ကျင်းပခဲ့ပြီး ယခုအစည်းအဝေးမှာ နဝမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စတုတ္ထလေးလပတ်အဖြစ် ကျင်းပသော အစည်းအဝေးဖြစ်ပါကြောင်း လျှောက်ထားအပ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား -**

ရှေးရှေး ဒီဃဒဿီ သံဃပိတု သံဃာ့ဥဿျောင်မထေရ်မြတ်ကြီးတို့က ဒီဃဒဿီဂုဏ်၊ ရတ္တညူဂုဏ်တို့ ပြည့်ဝစွာ မြတ်ဗုဒ္ဓ၏ ဓမ္မဝိနယဒေသနာတော်များနှင့်အညီ သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ သံဃနာယကလက်စွဲ၊ ညွှန်ကြားလွှာစသော စည်းမျဉ်းဥပဒေတို့ကို ရေးဆွဲပြဋ္ဌာန်းခဲ့၍သာ ဤမျှကာလရှည်ကြာစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးအပါအဝင် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့အနေဖြင့် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ကိစ္စရပ်များကို ဆောင်ရွက်နိုင်ခဲ့၊ ရပ်တည်နိုင်ခဲ့ခြင်းဖြစ်ပါသည်ဘုရား။ လက်ရှိနိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အနေဖြင့်လည်း ရှေးရှေးအာစရိယ၊ အာစရိယပရမ္ပရ ဆရာမထေရ်တို့၏ အာဘော်ကို လက်သင့်ခံယူဆောင်ရွက်ကြရမည် ဖြစ်သကဲ့သို့ နောက်နောက် သိဿာနုသိဿ အနာဂတ သံဃာ့ဝန်ဆောင်တို့အတွက်လည်း အာစရိယ ဟတ္ထမုဋ္ဌိ ကျန်စေရစေရန် သာသနာတော်အရေးကိစ္စများကို စံပြအဖြစ် ဆောင်ရွက်တော်မူကြပါရန် တိုက်တွန်းလျှောက်ထားအပ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား -**

ဗုဒ္ဓမြတ်စွာသည် အဇပါလညောင်ပင်ရင်းတွင် သီတင်းသုံးစဉ် "ငါဘုရားရှင် သိမြင်တော်မူအပ်သော မဂ်ဖိုလ်နိဗ္ဗာန်တရားသည်ကား နက်နဲ၏။ သိမ်မွေ့၏။ ပညာရှိတို့သာ သိမြင်နိုင်သောတရားဖြစ်၏။ ဤသတ္တလောက သတ္တဝါတို့ကား လောကီအာရုံတို့၌သာ မွေ့လျော်၏။ ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ်တရားကို မြင်နိုင်မည်မဟုတ်၊ သင်္ခါရတရားတို့၏ ချုပ်ငြိမ်းရာ၊ ဥပဓိအားလုံးတို့ကို ကပ်ငြိခြင်းကင်းရာ၊ တပ်မက်မှုကုန်ခန်းရာ နိဗ္ဗာန်ကို ပို၍ပင် သိမြင်နိုင်မည်မဟုတ်။ ငါသိခဲ့သော ထိုတရားတို့ကို ဟောပါက သိနိုင်ကြလိမ့်မည်မဟုတ်။ ငါတရားဟောခြင်းသည် ပင်ပန်းရုံသာရှိလိမ့်မည်" ဟု ဆင်ခြင်တော်မူပါသည်ဘုရား။ ထိုသို့ ဆင်ခြင်တော်မူ၍ တရားဟောတော်မူခြင်း၌ စိတ်အားတော် ထက်သန်ခြင်းမရှိ၊ စိတ်ကိုင်းညွတ်မှုမရှိကြောင်း ဝိနယပိဋက၊ မဟာဝဂ္ဂပါဠိတော်တွင် လာရှိပါသည်ဘုရား။

**ဆရာတော်အရှင်သူမြတ်တို့ဘုရား -**

ထိုအခြေအနေတွင် သဟမ္ပတိဗြဟ္မာမင်းက သုံးကြိမ်တိုင်အောင် တရားဟောရန် ဘုရားရှင်ကို တောင်းပန်လျှောက်ထားခဲ့ပါသည် ဘုရား။ ထိုသို့ တောင်းပန်လျှောက်ထားသည့်အတွက် ဘုရားရှင်သည် သတ္တလောကကို ဗုဒ္ဓစက္ခုဖြင့် ကြည့်ရှုတော်မူခဲ့ပါသည်ဘုရား။ ဗုဒ္ဓစက္ခုဖြင့် ရှုတော်မူသောအခါ အပ္ပရဇက္ခ- ကိလေသာမြူပါးလျသူ၊ မဟာ ရဇက္ခ- ကိလေသာ မြူထူထပ်သူ၊ တိက္ခိန္ဒြိယ- ဣန္ဒြေရင့်သူ၊ မုဒိန္ဒြိယ-ဣန္ဒြေနုသူ၊ သွာကာရ- ဒွါကာရ အချင်းအရာ ကောင်းသူ၊ မကောင်းသူ၊ သုဝိညာပယ- ဒုဝိညာပယ- သိလွယ်သူ၊ မသိလွယ်သူ၊ ပရလောက ဝဇ္ဇဘယဒဿာဝီ- န ပရလောက ဝဇ္ဇဘယ ဒဿာဝီ၊ နောက်ဘဝသစ် ထပ်မံရရှိမှုကို အပြစ်ဘေးဟု ရှုလေ့ရှိသူ၊ ရှုလေ့မရှိသူ ဟူသော သတ္တဝါအမျိုးမျိုးကို မြင်တော်မူကြောင်း ပါဠိတော်တွင် လာရှိပါသည် ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား -**

ဘုရားရှင်တော် မြင်တော်မူသော သတ္တဝါတို့ကို ကြာမျိုးသုံးပါးကို သုံးမျိုး သုံးစား ဥပမာပေး၍ ခွဲခြားရာတွင် ပထမအမျိုးအစားအနေဖြင့် ဥပ္ပလ၊ ပဒုမ၊ ပုဏ္ဍရိက ဟူသော ကြာတို့သည် ဥဒကေဇာတ-ရေ၌ ပေါက်ရောက်၊ ဥဒကေသံဝဍ္ဍ-ရေ၌ကြီးထွား၊ ဥဒကေ အနုဂ္ဂတ- အန္တောနိ မုဂ္ဂပေါသီ ရေပြင်ညီ ရေမျက်နှာပြင်သို့ တက်ရောက်ခြင်းမရှိ၊ ရေအောက်၌သာ ငုပ်ဝင်ရှင်သန်သော ကြာမျိုးလည်းရှိပါသည်။ ဤကြာမျိုးနှင့်တူသော သတ္တဝါတို့သည် ဘုရားရှင် ဟောကြားသော တရားကိုမသိနိုင်။ ဒုတိယ အမျိုးအစားအနေဖြင့် ဥဒကေဇာတ- ရေ၌ ပေါက်ရောက်၊ ဥဒကေသံဝဍ္ဍ-ရေ၌ကြီးထွား၊ ဥဒကေန သမောဒကဋ္ဌိတ-ရေမျက်နှာပြင်နှင့်အညီသာ ရှင်သန်နိုင်သော ကြာမျိုးလည်း ရှိပါသည်။ ဤကြာမျိုးနှင့်တူသော သတ္တဝါတို့သည် အထိုက်အလျောက် နားလည်နိုင်ကြသည်။ တတိယ အမျိုးအစားအနေဖြင့် ဥဒကေဇာတ-ရေ၌ ပေါက်ရောက်၊ ဥဒကေသံဝဍ္ဍ-ရေ၌ကြီးထွား၊ ဥဒကေ အစ္စုဂ္ဂမ္မဋ္ဌိတ-ရေမျက်နှာပြင် အထက်သို့တက်၍ ရပ်တည်၊ အနုပလိတ္တ-ရေဖြင့် မလိမ်းကြံ၊ ရေမှ လွတ်ကင်းသော ကြာမျိုးလည်းရှိပါသည်။ ထိုကြာမျိုးနှင့်တူသော သတ္တဝါတို့သည် ဘုရားရှင် တရားတော်ကို လွယ်ကူစွာ သိနိုင်ကြသည်။ ဤသို့မြတ်စွာဘုရားရှင်သည် ဗုဒ္ဓစက္ခုဖြင့် ရှုကြည့်တော်မူချိန်တွင် ကြာဥပမာရှိသော သတ္တဝါတို့ကို မြင်တော်မူကြောင်း ပါဠိတော်တွင် လာရှိပါသည်ဘုရား။



**ဆရာတော်အရှင်သူမြတ်တို့ဘုရား-**

တပည့်တော်တို့ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းတွင် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက် (၇) ချက်ကို ပြဋ္ဌာန်းထားပါသည်ဘုရား။ (က)သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရန်ဖြစ်သည်။ (ခ) သံဃာတော်များ ဝိနည်းတရားတော်နှင့်အညီ ကျင့်ကြံသီတင်းသုံးနေထိုင်ရေးအတွက် သံဃာအချင်းချင်း ကြီးကြပ်ထိန်းသိမ်းသွားနိုင်ရန် ဖြစ်သည်။ (ဂ)ပရိယတ္တိသာသနာတော်ကို တိုးတက်စည်ပင်ပြန့်ပွားစေရန်နှင့် ပိဋကတ်တော်နှင့်မညီသော ရေးသားခြင်း၊ ဟောပြောခြင်း၊ ပြသခြင်း၊ ပြုလုပ်ခြင်းများကို တားဆီးကာကွယ်ရန်ဖြစ်သည် စသည်ဖြင့် ပြဋ္ဌာန်းခဲ့ပါသည်ဘုရား။ ရည်ရွယ်ချက်(ဂ)ကို ပြဋ္ဌာန်းခဲ့ကြသော အာစရိယာစရိယ ရှေးဆရာတော်ကြီးတို့၏ ဉာဏ်ပညာအမြော်အမြင်နှင့် ငဲ့ညှာစောင့်ရှောက်သော ကရုဏာအားအစွမ်းတို့ကို ယခုတပည့်တော်တို့ သိသာစွာ ခံစားနေရသည်ဟု လျှောက်ထားလိုပါသည်ဘုရား။ အဘယ်ကြောင့်ဆိုသော် ယနေ့ မျက်မှောက်ခေတ်ကာလတွင် သံဃာတော်များ ဝိနည်းတရားတော်နှင့်အညီ ကျင့်ကြံသီတင်းသုံးခြင်း မရှိသော အခြေအနေများ၊ ပိဋကတ်တော်နှင့်မညီသော ရေးသားခြင်း၊ ဟောပြောခြင်း၊ ပြသခြင်း၊ ပြုလုပ်ခြင်းများအပြင် ခေတ်ကာလအရ လူမှုကွန်ရက်များတွင် သမဏသာရုပ္ပမဖြစ်သည့် ဆောင်ရွက်ချက်များ ပြုမူဆောင်ရွက်နေကြသည်ကို တွေ့မြင်နေရပါသည်ဘုရား။ ထိုသို့သော ဆောင်ရွက်ချက်များကို ကြီးကြပ်ထိန်းသိမ်းပြီး တားဆီးကာကွယ်ကြမှသာ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းပါ ရည်ရွယ်ချက်များအတိုင်း ဆောင်ရွက်သည်ဟု ခေါ်ဆိုရမည်ဖြစ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အနေဖြင့် သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာ ဟူသော သာသနာတော်တစ်ရပ်လုံးနှင့် သက်ဆိုင်သော ကိစ္စရပ်များကို ဆောင်ရွက်ကြရာတွင် ပထမအကြိမ်မှ နဝမအကြိမ်တိုင်အောင်၊ နဝမအကြိမ်၏ ပထမအစည်းအဝေးမှ ယခုလေးလပတ် စတုတ္ထအစည်းအဝေးတိုင်အောင် ဆောင်ရွက်ပြီးစီးခဲ့ပြီး ဖြစ်ပါသည်ဘုရား။ ထိုသို့ ဆောင်ရွက်ကြရာတွင် ပထမကြာဥပမာနှင့်တူသော ရှင်းလင်းညွှန်ကြားဆုံးမဩဝါဒပေး လုပ်ထုံးများနှင့်အညီ ပြုပြင်၍မရသော ပုဂ္ဂိုလ်များနှင့်လည်း ကြုံတွေ့ရမည်ဖြစ်ပါသည် ဘုရား။ ဒုတိယကြာဥပမာနှင့်တူသော အထိုက်အလျောက် ဆုံးမပြုပြင်၍ရသော ပုဂ္ဂိုလ်များနှင့်လည်း ကြုံတွေ့ရမည်ဖြစ်ပါသည်ဘုရား။ တတိယကြာ ဥပမာနှင့်တူသော အရိပ်ပြအကောင်ထင်ဆိုသကဲ့သို့ ဆိုဆုံးမရလွယ်ကူသော ပုဂ္ဂိုလ်များနှင့်လည်း ကြုံတွေ့ရမည်ဖြစ်ပါသည်ဘုရား။ မည်သို့သော ပုဂ္ဂိုလ်များနှင့် ကြုံတွေ့ရသည်ဖြစ်စေ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မဝိဟာရတရားလေးပါး လက်ကိုင်ထား၍ ဆောင်ရွက်ကြရန် လွန်စွာအရေးကြီးလှပါသည် ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

"နိဂ္ဂယှ နိဂ္ဂဟေတဗ္ဗံ၊ ပဂ္ဂဏှေယျ စ ပဂ္ဂဟံ။ သုသုခေနေဝ ဓောတေယျံ၊ သမ္မာသမ္ဗုဒ္ဓသာသနံ-မြတ်ဗုဒ္ဓ၏

စာမျက်နှာ ၉ သို့ ❍

# နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စတုတ္ထအစည်းအဝေး ပထမနေ့ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စတုတ္ထအစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာမဏ္ဍပ်သဘင်၌ ကျင်းပသည်။



**တက်ရောက်ကြည်ညို**

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် တိုင်းဒေသကြီး၊ ပြည်နယ်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေး မစတင်မီ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီး အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက သဘာပတိအဖြစ်ဆောင်ရွက်ပြီး တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇောတိသာရက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ဦးစွာ အခမ်းအနားမှူး ဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသောနိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး အထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

ထို့နောက်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်က အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာကို မြွက်ကြားတော်မူသည်။ **(သာရဏီယဩဝါဒကထာကို စာမျက်နှာ-၈ တွင် ဖော်ပြထားပါသည်။)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများကိုလျှောက်ထားပြီး နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယအဖွဲ့ခွဲ၏ ဒုတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲကိုယ်စား တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ပိဋကတ္တယပါရဂူ ဘဒ္ဒန္တသိရီ ကဉ္စနာဘိဝံသက တင်သွင်းလျှောက်ထား၍ နဝမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယအဖွဲ့ခွဲ၏ ဒုတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသဝက လည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဘဒ္ဒန္တ ဇောတိပါလာလင်္ကာရက လည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သောပါကက လည်းကောင်း တင်သွင်းလျှောက်ထားကြသည်။

ဆက်လက်၍ သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာကိစ္စများကို တင်ပြလျှောက်ထားရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေး ဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို နံနက် ၁၀ နာရီတွင် ခေတ္တရပ်နားသည်။

မွန်းလွဲ ၁ နာရီတွင် နဝမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စတုတ္ထအစည်းအဝေးပထမနေ့ ဒုတိယပိုင်းကို ဆက်လက်ကျင်းပပြီး သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ ကိစ္စရပ်များကို တင်ပြလျှောက်ထားရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေး ဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော် မူလာကြသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများအား ဗိုလ်ချုပ်မှူးကြီး သန်းရွှေ(ငြိမ်း) + ဒေါ်ကြိုင်ကြိုင် မိသားစုနှင့် ဓမ္မမိတ်ဆွေများက အရုဏ်ဆွမ်း၊ နေ့ဆွမ်း တစ်နေ့တာဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

○ စာမျက်နှာ ၈ မှ

သာသနာတော်မြတ်ကြီးကို ကိုယ်စိတ်မညှိုးနွမ်းဘဲ ချမ်းချမ်းသာသာဖြင့် ထွန်းလင်းစေရန် နှိပ်ကွပ်ဆုံးမထိုက်သူတို့ကို နှိပ်ကွပ်ဆုံးမခြင်း၊ ချီးမြှောက်သင့်သူတို့ကို ချီးမြှောက်ခြင်းတို့ကို ဆောင်ရွက်ရမည်ဟု ရှေးရှေးဆရာတော်တို့ မိန့်ဆိုခဲ့ကြပါသည်ဘုရား။ နိဂ္ဂဟပဂ္ဂဟပြုကြရာ၌ တပည့်တော်တို့၏ စိတ်သန္တာန်၌ ဗြဟ္မဝိဟာရတရားများဖြင့် ထိန်းကွပ်ထားခြင်း မရှိဘဲဆောင်ရွက်ပါလျှင် လောဘဒေါသ ပဋိဃတရားတို့ တိုးပွားလာနိုင်ပါသည်ဘုရား။ သို့ဖြစ်ရာ နှိပ်ကွပ်ဆုံးမသင့်သူတို့ကို ကရုဏာမေတ္တာတရားများ လက်ကိုင်ထား၍ နှိပ်ကွပ်ဆုံးမရန်ဖြစ်ပြီး ချီးမြှင့်သင့်သူကိုမူ မုဒိတာ၊ မေတ္တာတရားများလက်ကိုင်ထား၍ ချီးမြှောက်သင့်ပါကြောင်း လျှောက်ထားအပ်ပါသည်ဘုရား။ ထိုသို့ နိဂ္ဂဟပဂ္ဂဟတို့ကို ဆောင်ရွက်ရာတွင် အချို့ကိစ္စရပ်တို့၌ ပတ်ဝန်းကျင်၏ အပြစ်တင်ကဲ့ရဲ့မှု၊ မြှောက်ပင့်ချီးမွမ်းမှုတို့နှင့် ကြုံလာလျှင် ဥပေက္ခာတရား လက်ကိုင်ထား၍ ဆောင်ရွက်ရန်လည်း လိုအပ်ပါကြောင်း လျှောက်ထားအပ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

နိဂုံးချုပ်အားဖြင့် လျှောက်ထားရပါလျှင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးအနေဖြင့် ပထမအကြိမ်မှ နဝမအကြိမ်တိုင်အောင် ကာလရှည်မြင့်စွာဖြင့် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းပါ ရည်ရွယ်ချက်များအတိုင်း သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားတိုးတက်အောင် ဆောင်ရွက်ခဲ့ကြသည့် နည်းတူနောင်အနာဂတ်သာသနာတော်အတွက်လည်း အရှည်ကိုကြည့်၍ ဆောင်ရွက်သွားနိုင်ကြပါစေကြောင်း လျှောက်ထားအပ်ပါသည်ဘုရား။ ထိုသို့ဆောင်ရွက်ကြရာတွင် ဘုရားရှင် ဆင်ခြင်တော်မူခဲ့သည့် ကြာမျိုးဥပမာ သုံးပါးနှင့် တူညီကြသော ပုဂ္ဂိုလ်များနှင့်တွေ့ဆုံကြုံလာရလျှင် မေတ္တာကရုဏာ မုဒိတာ ဥပေက္ခာဟူသော ဗြဟ္မဝိဟာရတရား လေးပါးလက်ကိုင်ထားလျက် အကြိမ်ကြိမ် အထပ်ထပ်တံတိုင်းခတ်၍ ဗုဒ္ဓမြတ်စွာ၏ သာသနာတော်မြတ်ကြီး တာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြပါဟု လျှောက်ထားရင်း တပည့်တော်၏ ဩဝါဒကထာကို နိဂုံးချုပ်အပ်ပါသည် ဆရာတော်အရှင်သူမြတ်တို့ဘုရား။

ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ
ဥက္ကဋ္ဌဆရာတော်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

---

## သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်

ဆင်ပေါင်ဝဲ ဖေဖော်ဝါရီ ၁၆

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေး ဦးစီးဌာနမှူး ဒေါက်တာမွန်စိုးရီ ဦးဆောင်မှုဖြင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာန လက်ထောက်ဆရာဝန် ဒေါက်တာစိုးသူရနှင့် ကျန်းမာရေးဝန်ထမ်းများသည် ယမန်နေ့ မွန်းလွဲ ၁ နာရီက အမှတ်(၃) ရပ်ကွက်၊ ဘုရားငါးဆူစေတီတော်မြတ်ကြီး၌ မြို့ပေါ်ရပ်ကွက်ရှိ သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။



အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာတွင် သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးချို၊ ဆီးချိုစစ်ဆေးပေးခြင်း၊ အဝလွန်ခြင်းနှင့် နှလုံးသွေးကြောကျဉ်းရောဂါ အန္တရာယ် ခန့်မှန်းတွက်ချက်ပေးခြင်း၊ ပန်းနာရင်ကြပ်နှင့် နာတာရှည်အဆုတ်ပွရောဂါများ ရှိ၊ မရှိ အခမဲ့စစ်ဆေးပေးခြင်း၊ ဆေးထိုးကုသပေးခြင်း စသည့် ရောဂါများ စစ်ဆေးပေးခဲ့ပြီး ရောဂါတွေ့ရှိမှုအပေါ်မူတည်၍ သောက်ဆေးများ အခမဲ့ပေးဝေခဲ့သည်။

"သက်ကြီးအဘိုး၊ အဘွားများက ယခုလို ကွင်းဆင်းပြီး ဆေးကုသဆောင်ရွက်ပေးတဲ့ မြို့နယ်ဆရာဝန်ကြီးနှင့် ဆရာ၊ ဆရာမများအား ကျေးဇူးတင်ပါကြောင်း" ဆေးကုသမှုခံယူသူ အဘိုးတစ်ဦးက ပြောသည်။ **(အောက်ဝဲပုံ)**

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

## သာသနာပြုမော်တော်ယာဉ်များအတွက် တာယာများ လှူဒါန်း

မန္တလေး ဖေဖော်ဝါရီ ၁၆

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ထန်းသုံးပင်ကျေးရွာရှိ အရိယဝံသမိုးကုတ်ဝိပဿနာ မဂ္ဂင်ဓမ္မရိပ်သာတွင် အသုံးပြုနေသော သာသနာပြုမော်တော်ယာဉ်များအတွက် ငွေကျပ်သိန်း ၃၀ တန်ဖိုးရှိသော မော်တော်ကားတာယာများကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၁၀နာရီက မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအရှေ့ရပ်ကွက်၊ ၃၆လမ်း၊ ၈၂ လမ်းနှင့်၈၃လမ်းကြားနေ အလှူရှင် ဒေါ်အမာ၊ (သား) ဦးမောင်ထွေး(နေဇွန်ဝမ်းစတားတာယာရောင်းဝယ်ရေး)+ဒေါ်ခင်သီတာထွေး မိသားစုက အလှူရှင်နေအိမ်၌ ပေးအပ်လှူဒါန်းရာ ရိပ်သာအကျိုးတော်ဆောင် တစ်ဦးက လက်ခံရယူကြကြောင်း သိရသည်။



(ဝဲပုံ)

(ဝ၅၃)

# မန္တလေးမြို့ မဟာမုနိဘုရားကြီး ရွှေထီးတော်အသစ်ပြန်လည်တင်လှူခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားနှင့် ပြင်ဦးလွင်မြို့ သုမင်္ဂလာအဆင့်မြင့်ဈေး ဖွင့်ပွဲအခမ်းအနားများ အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၆**

မန္တလေးမြို့၊ မဟာမုနိဘုရားကြီး ရွှေထီးတော်အသစ်ပြန်လည်တင်လှူခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားနှင့် ပြင်ဦးလွင်မြို့ သုမင်္ဂလာအဆင့်မြင့်ဈေးဖွင့်ပွဲ အခမ်းအနားများ အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ဦးစွာ မဟာမုနိဘုရားကြီး ရွှေထီးတော်အသစ်ပြန်လည်တင်လှူခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားအောင်မြင်စွာ ကျင်းပရေး လုပ်ငန်းအစည်းအဝေးကို ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၏ ဂန္ဓကုဋီတိုက်ရွှေကျောင်းတော်ကြီး၏အထွတ်တွင် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်အသစ်တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားအား မဟာမုနိဘုရားကြီးမူလ သမိုင်းနှင့်ထုံးတမ်းအစဉ်အလာများအတိုင်း စီရင်ကျင်းပသွားမည်ဖြစ်ပြီး ဖွဲ့စည်းတာဝန်များပေးထားသည့် လုပ်ငန်းကော်မတီများအနေဖြင့် ဆောင်ရွက်ကြရမည့် လုပ်ငန်းများ အဆင်ပြေချောမွေ့စွာဖြင့် အောင်မြင်စွာ ပြီးစီးရေး စနစ်တကျစီမံဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်းနှင့်အခက်အခဲများမရှိစေရေး အချိန်နှင့်တစ်ပြေးညီ တင်ပြသွားရန်တို့ကို မှာကြားခဲ့သည်။



ငှင်းနောက် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်လုပ်ငန်းကော်မတီမှတာဝန်ရှိသူများက လုပ်ငန်းကော်မတီ၏ လုပ်ငန်းစီမံချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ပြင်ဦးလွင်မြို့ သုမင်္ဂလာအဆင့်မြင့်ဈေးဖွင့်ပွဲ အခမ်းအနား စည်ကားသိုက်မြိုက်စွာဖြင့် အောင်မြင်စွာ ကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လုပ်ငန်းကော်မတီများအနေဖြင့် ဖွင့်ပွဲအခမ်းအနား မကျင်းပမီနှင့်ကျင်းပနေစဉ်အချိန်များတွင် ဆောင်ရွက်ရမည့်လုပ်ငန်းကဏ္ဍများအလိုက် အဆင်ပြေချောမွေ့အောင်မြင်စွာ ပြီးစီးရေး စနစ်တကျကြပ်မတ်ကာ ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားပြီးနောက် လုပ်ငန်းကော်မတီများမှ ရှင်းလင်းတင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

## စိုက်ပျိုးရေး မိုးလေဝသခန့်မှန်းချက်

**၂၀၂၆ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၂ ရက်**

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

ယခုတစ်ပတ်အတွင်း ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း(၁)ကြိမ် ဖြစ်ပေါ်နိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်ပါသည်။

**မိုးရွာသွန်းနိုင်မှု အခြေအနေ**

မိုးရွာသွန်းနိုင်သည့် အခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ပြီး၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပါသည်။

**အမြင့်ဆုံးအပူချိန် အခြေအနေ**

အမြင့်ဆုံးအပူချိန်မှာ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် (၇၁)ဒီဂရီဖာရင်ဟိုက်မှ (၈၀)ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် မြောက်ပိုင်း)တို့တွင် (၈၁)ဒီဂရီဖာရင်ဟိုက်မှ (၉၀)ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၉၁)ဒီဂရီဖာရင်ဟိုက်မှ (၁၀၀)ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်ပါသည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

အနိမ့်ဆုံးအပူချိန်မှာ ချင်းပြည်နယ်တွင် (၃၄)ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (၄၉)ဒီဂရီဖာရင်ဟိုက်မှ (၆၀)ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၆၁)ဒီဂရီဖာရင်ဟိုက်မှ (၇၂)ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်ပါသည်။

**လေထုစိုထိုင်းဆအခြေအနေ**

လေထုစိုထိုင်းဆမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင်(၅၅ရာခိုင်နှုန်း)မှ(၆၆ရာခိုင်နှုန်း)အတွင်း၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် (၆၇ရာခိုင်နှုန်း)မှ (၇၇ရာခိုင်နှုန်း)အတွင်းနှင့် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်းနှင့်တောင်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် (၇၈ရာခိုင်နှုန်း)မှ (၈၇ရာခိုင်နှုန်း)အတွင်း ရှိနိုင်ပါသည်။

**ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေ**

ပင်ငွေ့ရေငွေ့ပျံနှုန်းမှာ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်းနှင့်တောင်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (၂၂)မီလီမီတာမှ (၃၂)မီလီမီတာအတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၃၃)မီလီမီတာမှ (၄၂)မီလီမီတာအတွင်း အသီးသီးရှိနိုင်ကြောင်း စိုက်ပျိုးရေးမိုးလေဝသဌာနခွဲမှ သိရသည်။

**ရွှေမန်း**

## သပြေပန်းစိုက်ပျိုးရောင်းချသူများ နေ့စဉ်ဝင်ငွေရသဖြင့် မိသားစုစားဝတ်နေရေးအဆင်ပြေ

**မြစ်သား ဖေဖော်ဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်အတွင်းရှိ ငါးဆူကျေးရွာအုပ်စုကွင်း၌ မိသားစုအပိုဝင်ငွေရရှိရေး မြေယာပိုင်ဆိုင်သူအချို့သည် တစ်နိုင်တစ်ပိုင် သီးပင်၊ စားပင်များနှင့် ပန်းမျိုးစုံစိုက်ပျိုးရောင်းချခြင်းများ ဆောင်ရွက်လျက်ရှိရာ ရွှေကြာအင်းကျေးရွာမှ ဦးဝင်းမြင့် စိုက်ပျိုးထားသော သပြေပင်များ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး သပြေပန်းစိုက်ပျိုးရောင်းချခြင်းဖြင့် နေ့စဉ်ဝင်ငွေရရှိကာ မိသားစုစားဝတ်နေရေး အဆင်ပြေလျက်ရှိသည်။



သပြေပန်းပင်သည် ရာသီမရွေး စိုက်ပျိုးနိုင်ပြီး မိုးကျသည်နှင့် အစေ့ချစိုက်ပျိုးရ၍ တစ်ဧကလျှင် မျိုးစေ့ ပြည် ၈၀ ကုန်ကျကာ ပေါင်ဖြင့် ရေသွင်းစိုက်ပျိုးကာ အနံ ၁၂ ပင်တန်းစိုက်ပျိုးပြီး အလျားတစ်တန်းနှင့် တစ်တန်း အခြား ၆ လက်မအကွာ စိုက်ပျိုးကြသည်။ သပြေပန်းပင်သည် တစ်ကြိမ်စိုက်ပျိုးထားပါက စိုက်ပျိုးပြီး တစ်နှစ်သားအရွယ်တွင် ကိုင်းအညွန့်များအား စတင်ဖြတ်တောက် ရောင်းချနိုင်ကြောင်း၊ သပြေပန်းသည် မြန်မာလူမျိုးတို့၏ အောင်အတိတ်အောင်နိမိတ်၊ အောင်ပန်းဖြစ်သည့်အတွက် ဘုရားပွဲ၊ နတ်ပွဲနှင့် ဘုရားပန်းကပ်လှူရာ၌ မပါမရှိ ပန်းတစ်မျိုးဖြစ်သည့်အတွက် ကုန်သည်များသည် စိုက်ခင်းအထိ လာရောက်ဝယ်ယူခြင်းနှင့် အခြားမြို့များသို့လည်း တင်ပို့ရောင်းချလျက်ရှိသည်။

မြစ်သားမြို့နယ်တွင် ငါးဆူကျေးရွာအုပ်စု၊ ရွှေကြာအင်းကျေးရွာနေ ဦးဝင်းမြင့်၏ သပြေပင်စိုက်ပျိုးမှုများ ဖြစ်ထွန်းအောင်မြင်၍ အရောင်းတွင်ကျယ်ခဲ့ပြီး မိသားစုစားဝတ်နေရေးအပြင် အပိုဝင်ငွေများ ရရှိခဲ့သည့်အတွက် နောင်နှစ်များတွင်လည်း စိုက်ဧကတိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**ဝါဝါမြင့်(မြစ်သား)**

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း မန္တလေးမြို့ပတ်ကမ်းနားလမ်းမကြီး(ရှမ်းကလေးကျွန်းမှ ရွှေခဲရွာအထိ)အရှည်ပေ(၁၂၂၀၀) နိုင်လွန်ကတ္တရာလမ်း အကြီးစား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ကွင်းဆင်းကြည့်ရှုစစ်ဆေး

**မန္တလေး ဖေဖော်ဝါရီ ၁၆**

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသော မန္တလေးမြို့ပတ်ကမ်းနားလမ်းမကြီး(ရှမ်းကလေးကျွန်းမှ ရွှေခဲရွာအထိ) အရှည်ပေ ၁၂၂၀၀ လမ်းပိုင်းအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် အမြန်ဆုံး ပြန်လည်ပြုပြင်ပြီးစီးရေးအတွက် စီစဉ်ဆောင်ရွက်ခဲ့ပြီး အပိုင်း(၁) ရှမ်းကလေးကျွန်းမှ အောင်သာဆီဆိုင်ကြားနှင့် အပိုင်း(၂) အောင်သာဆီဆိုင်နှင့် ရွှေခဲရွာကြားဟူ၍ အပိုင်း (၂)ပိုင်းခွဲ၍ နိုင်လွန်ကတ္တရာလမ်းအကြီးစား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လမ်းပိုင်းတစ်လျှောက် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ကမ္ပဏီများက လမ်းလွှာတည်ဆောက်မည့် အောက်အနက် ၄ ပေအတွင်း မြေလွှာလျှောပြုတ်၍ ပပ်ကြားကွဲအက်ဖြစ်ပေါ်သည့် မြေများ ဖယ်ရှား၍ လမ်းအောက်ခံမြေသားအား(CBR>7%)ရရှိစေရန် အလွှာလိုက်ခင်းကြိတ်ခြင်း၊ ဒု-အခြေခံလွှာ ၃ ပေထုအား ကျောက်ရောမြေ(CBR>30%)ရရှိစေရန် အလွှာလိုက်ခင်းကြိတ်ခြင်းနှင့် အပေါ်ဆုံးအခြေခံလွှာတစ်ပေထုအား Well-graded Aggregate ဖြင့် သတ်မှတ်အချိုးအစားအတိုင်း ရောစပ်၍ အလွှာလိုက်ခင်းကြိတ်ခြင်းလုပ်ငန်းများ ပမာဏ(၂×၁၂၂၀၀ပေ×၂၆ပေ)ကို ဆောင်ရွက်ပြီးစီးပြီဖြစ်သည့်အပြင် ပေ ၂၀ အကျယ်လမ်းလယ်ကျွန်း ပမာဏ စုစုပေါင်းအရှည်ပေ ၂၅၂၁၀ကိုလည်း ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းလည်း ပြီးစီးခဲ့ပြီဖြစ်၍ အဆိုပါလမ်းပိုင်းပြုပြင်ပြီး အခြေခံ




အလွှာ(Wearing Course)ပေါ်တွင် နိုင်လွန်ကတ္တရာလမ်း ၃ လက်မထုခင်းကျင်းခြင်းလုပ်ငန်းကို လမ်းတံတားဌာနမှ စတင်ခင်းကျင်းဆောင်ရွက်လျက်ရှိသည်။

နိုင်လွန်ကတ္တရာလမ်း ခင်းကျင်းမှုလုပ်ငန်းခွင် ရွှေခဲ ရေဆိုးထုတ်စက်ရုံအနီး ကမ်းနားလမ်းသို့ ယနေ့နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းသည် သွားရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ လမ်းတံတားဌာနမှ တာဝန်ခံအင်ဂျင်နီယာက ရှမ်းကလေးကျွန်းနှင့် ရွှေခဲရွာကြား စုစုပေါင်းအရှည်ပေ ၁၂၂၀၀၊ တစ်ဖက်လျှင် ၂၆ ပေအကျယ် အသွား၊ အပြန်လမ်း(၂)လမ်းပေါ်တွင် ၂၄ ပေ အကျယ်စီ နိုင်လွန်ကတ္တရာလမ်း ၃ လက်မထု ခင်းကျင်းဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များနှင့် ယနေ့အထိ ကမ်းနားလမ်းမကြီး အရှေ့ဘက်ခြမ်းတစ်လျှောက်တွင် ၂၄ ပေအကျယ် နိုင်လွန် ကတ္တရာလမ်းပေ ၂၅၀၀ ခင်း ကျင်းဆောင်ရွက်ပြီးစီးမှု၊ စ က ယန္တရားအင်အားအခြေအနေနှင့် နိုင်လွန်ကတ္တရာစက်ရုံမှ ထုတ်လုပ်ပေးနိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က မတ်လအတွင်း နိုင်လွန်ကတ္တရာ (AC)အသွား၊ အပြန်လမ်း ၂ လမ်းအား ခင်းကျင်းပြီးစီးအောင် ဆောင်ရွက်သွားရေးနှင့် လမ်းလယ်ကျွန်းဧရိယာအတွင်း သတ်မှတ်ရေထုတ်မြောင်းစနစ် ထည့်သွင်းဆောင်ရွက်သွားရေးကိစ္စရပ်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း မြို့တွင်းလမ်းမကြီးများ လမ်းရေဆေးခြင်းလုပ်ငန်းနှင့် သာမိုပလတ်စတစ်ဆေးလိုင်းရေးဆွဲခြင်းလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေး

**မန္တလေး ဖေဖော်ဝါရီ ၁၆**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် မြို့တော်သန့်ရှင်းသာယာလှပရေးလုပ်ငန်းများအပြင် မြို့တော် အင်္ဂါရပ်များနှင့်အညီ ဖြစ်စေရေးအတွက် မြို့တွင်းလမ်းများအား နိုင်လွန်ကတ္တရာလမ်းများအဖြစ် အဆင့်မြှင့်တင်ခင်းကျင်းပေးခြင်း၊ ယာဉ်အန္တရာယ် တားဆီးကာကွယ်ရေးအတွက် မီးပွိုင့်များအား ကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်း၊ ညပိုင်းလမ်းမီးများကောင်းအောင်ဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို မြို့တော်ဝန်နှင့် ကော်မတီအဖွဲ့ဝင်များ၏ ကြီးကြပ်မှုကို ခံယူကာ နေ့ရော၊ ညပါ အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် မြို့တွင်းအဓိကလမ်းမကြီးများ၌ ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သတ်မှတ် အချက်ပြဆေးလိုင်းများ၊ လူကူးမျဉ်းကြားအမှတ်အသား ဆေးလိုင်းများသည် ယာဉ်သွားလာမှုများပြားခြင်းနှင့် ဖုန်မှုန့်အညစ်အကြေးများကြောင့် မှေးမှိန်လာခြင်း၊ အချို့နေရာများ၌ ဆေးရောင်ပျောက်ကွယ်လာခြင်းများဖြစ်ပေါ်လျက်ရှိရာ မြို့တော်စည်ပင် လမ်းတံတားဌာနအနေဖြင့် အဆိုပါဆေးလိုင်းများ အသစ်ပြန်လည်ရေးဆွဲနိုင်ရေးအတွက် စီမံချက်ချမှတ်၍ လမ်းများအပိုင်းလိုက်ပိတ်ကာ ညပိုင်းတွင် အမှိုက်လှဲယာဉ်၊ ရေကားနှင့် လုပ်သားအင်အားများအသုံးပြုပြီး လမ်းရေဆေးခြင်းလုပ်ငန်းနှင့် သာမိုပလတ်စတစ်ဆေးလိုင်းရေးဆွဲခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

လမ်းရေဆေးခြင်းလုပ်ငန်းများကို ၂၆ လမ်းမကြီးတစ်လျှောက်(၆၂ လမ်းမှ လမ်း၈၀ အထိ)၊ ၇၈ လမ်းတစ်လျှောက် (၂၆ လမ်းမှ ၄၂ လမ်းအထိ) ညဆိုင်းလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်၍ အဆိုပါ ၂၆ လမ်းမကြီးနှင့် ၇၈ လမ်းမကြီးတစ်လျှောက်တို့တွင် ယာဉ်အန္တရာယ် တားဆီးကာကွယ်ရေးစီမံချက်ဖြင့် မီးပွိုင့်လမ်းဆုံနေရာများ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လမ်းညွှန်အမှတ်အသားဆေးလိုင်းများ၊ လူကူးမျဉ်းကြားများ၊ ယာဉ်ကြောခွဲမျဉ်းလိုင်းများ စသည်တို့ကို ပေါ်လွင်ထင်ရှားစွာ မြင်နိုင်ရေးအတွက် သာမိုပလတ်စတစ်ဆေးလိုင်းဆွဲစက်ဖြင့် လမ်းများအပိုင်းလိုက်ခွဲကာ ရေးဆွဲခြင်းလုပ်ငန်းကို နေ့ရော၊ ညပါ ဆောင်ရွက်လျက်ရှိပြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းသည် အနီးကပ်ကွင်းဆင်းကြီးကြပ် စစ်ဆေးဆောင်ရွက်ကာ မြို့တွင်းအဓိကလမ်းမကြီးများအား ဦးစားပေးအဆင့် သတ်မှတ်၍ မတ်လကုန်အပြီးစီမံချက် ရေးဆွဲ၍ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ပေးရန် လမ်းတံတားဌာန၊ ဌာနမှူးနှင့် တာဝန်ခံအင်ဂျင်နီယာအဖွဲ့အား မှာကြားခဲ့သည်။ သာမိုပလတ်စတစ် ဆေးလိုင်းရေးဆွဲခြင်းလုပ်ငန်းအနေဖြင့် ၂၆ လမ်းမကြီးတစ်လျှောက်(အရှေ့မြို့ပတ်လမ်းမှ လမ်း ၈၀ အထိ)အရှည် (၁၃မိုင် ၁ ဖာလုံ ၁၉၈ ပေ)နှင့် ၇၈ လမ်းမကြီး တစ်လျှောက်(၂၆ လမ်းမှ ၃၅ လမ်းမကြီး)အထိ (၄ မိုင် ၁ ဖာလုံ ၆၅၄ ပေ)ကို အမြန်ဆုံး ပြီးစီးရေး ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း လမ်းတံတားဌာနမှ သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀

၀-၀-၀-၀

၀-၀-၀-၀-၀





## မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင် ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်သည့်အတွက် မီးသတ်စခန်းနှင့် မီးသတ်ယာဉ်၊ စက်များ အသင့်ဖြစ်မှုနှင့် ကြံ့ခိုင်မှုအခြေအနေများအား ကြည့်ရှုစစ်ဆေး




**မကွေး ဖေဖော်ဝါရီ ၁၆**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်သည် နယ်မြေခံတပ်နယ်မှ အရာရှိကြီးများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါကာ ယနေ့ နံနက်ပိုင်းက တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနသို့ သွားရောက်၍ မီးသတ်စခန်းနှင့် မီးသတ်ယာဉ်၊စက်များအသင့်ဖြစ်မှုနှင့် ကြံ့ခိုင်မှုအခြေအနေအား လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများအား မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမျိုးလှိုင်က ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ၊ နိုင်ငံတော်အတွင်းရှိ ကုန်ထုတ်အရင်းအနှီးများကို မီးဘေးအန္တရာယ်မှ တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်နှင့် သဘာဝဘေးအန္တရာယ် အပါအဝင် အခြားသောဘေးအန္တရာယ်များ ကျရောက်သည့်အခါ အရေးပေါ် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ အဆင့်သင့်ဖြစ်စေရန်ဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြပြီး မီးသတ်တပ်ဖွဲ့ဝင်များက LUF 60 ဖြင့် ဆီမီးလောင်မှုလက်တွေ့သရုပ်ပြမီးငြိမ်းသတ်ခြင်း၊ Heavy Liftingand Rescue Vehicle လက်တွေ့သရုပ်ပြသခြင်းများ ဆောင်ရွက်ခဲ့သည်။ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနရှိ Command and Control Center ခန်းမတွင် မီးဘေးနှင့် အခြားသောသဘာဝဘေးအန္တရာယ်များ ပေါ်ပေါက်လာပါက လျင်မြန်စွာ ထိန်းချုပ်ကွပ်ကဲတုံ့ပြန်ဆောင်ရွက်နိုင်ရန် ဆောင်ရွက်ထားရှိသည့် အဆင့်မြင့် နည်းပညာရပ်များ၊ အထောက်အကူပြုနည်းစနစ်များနှင့် လုပ်ငန်းဆောင်ရွက်ချက်များအား ရှင်းလင်းတင်ပြမှုအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

မကွေးတိုင်းဒေသကြီးတွင် ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း နှစ်စဉ်မီးလောင်မှုများ လျော့နည်းကျဆင်းခဲ့ပြီး မီးသတ်ဦးစီးဌာနအနေဖြင့်လည်း မီးဘေးလုံခြုံရေးလုပ်ငန်းများဖြစ်သည့် အသိပညာပေးခြင်း၊ သတိပေးနှိုးဆော်ခြင်း၊ စစ်ဆေးခြင်း၊ မီးငြိမ်းသတ်မှုလက်တွေ့သရုပ်ပြသခြင်းများနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များအလိုက် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများအား ဆောင်ရွက်ထားရှိကြောင်းနှင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးလျော့နည်းစေရန် ဟိုတယ်၊ မိုတယ်များရှိ အခန်းများတွင် အလိုအလျောက် မီးငြိမ်းသတ်သည့် နည်းစနစ်များ ထည့်သွင်းထားရှိကာ အထပ်မြင့်အဆောက်အအုံများတွင် မီးလောင်မှုဖြစ်ပွားပါက မီးငြိမ်းသတ်ယာဉ်နှင့် လူများအား ရှာဖွေကယ်ဆယ်ရေး အသင့်ဖြစ်စေရေး အစီအမံများ ဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန တာဝန်ရှိသူထံမှ သိရသည်။

(အပေါ်ဝဲပုံ)

**မောင်နိုင်မင်း(ပြန်/ဆက်)**

*-*-*-*-*-*-*



## မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း အကြိမ်(၄၀)မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး ဖေဖော်ဝါရီ ၁၆**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက် ပြည်သူများ ဘုံဆွမ်းလောင်းအသင်း၏ အကြိမ်(၄၀)မြောက် ဘုံဆွမ်းလောင်းပွဲကို တပေါင်းလဆန်း ၁ ရက် နံနက် ၅ နာရီခွဲက သိပ္ပံလမ်းနှင့် ၆၈ လမ်းထောင့်တွင် ကျင်းပသည်။

ဘုံဆွမ်းလောင်းလှူရာတွင် လေးပြင်လေးရပ်မှ ကြွရောက်တော်မူလာကြသော သံဃာတော်နှင့် သာမဏေအပါး ၃၅၀ ကျော်အား ဆွမ်း၊ ဝက်သားဟင်း၊ ခရမ်းသီးနှပ်၊ သရက်ချဉ်သုပ်၊ ဆပ်ပြာမှုန့်ထုပ်နှင့် သံဃာတော်နှင့်သာမဏေတစ်ပါးလျှင် နဝကမ္မဝတ္ထုငွေကျပ် ၁၀၀၀ စီကို လောင်းလှူကြပြီး နဝကမ္မဝတ္ထုငွေကျပ် ၁၃၀၀၀၀ နှင့် သင်္ကန်း ၁၃ စုံတို့အား စာရေးတံမဲဖောက်၍ ဘုံဆွမ်းလောင်းအသင်းတည်ထောင်သူ ဦးနေမင်းဦး+ဒေါ်ယုယုဇော် (ပီတိသုခ)မိသားစု၊ ဝက်သားအလှူရှင် ဦးမျိုးဝင်း+ဒေါ်အိအိချော(ကောင်းထက်မဟာ၊ ကာဗာတိုင်းပြည်)မိသားစု၊ ဦးအောင်သန်းလှိုင်+ဒေါ်နန်းနီနီဝင်းမိသားစု၊ ဦးရုံးရွှေ+ဒေါ်မိုးသန္တာအောင်(ရွှေသစ်ပင်ဟိုတယ်)မိသားစု၊ ဦးသာအေး+ဒေါ်တင်ရီတို့အား ရည်စူး၍ ဦးသိန်းတန်နှင့် သားသမီးမြေးတစ်စု၊ ဦးမြင့်လွင်+ဒေါ်ခင်ချိုဝင်းမိသားစု၊ ဦးချိန့်စီ+ဒေါ်တွမ်ဟိုက်လန့်တို့အား အမှူးထား၍ မောင်ကျော်သက်ဦးနှင့်မောင်နှမတစ်စု၊ ဦးရိမ်ပါထိုင်+ဒေါ်သွယ်သွယ်လှတို့အား ရည်စူး၍ ဦးပြည့်စုံကိုကိုနှင့် ညီအစ်ကိုမောင်နှမတစ်စု၊ ဦးဇော်ထွန်း+ဒေါ်နန်းရတနာမိုး (ပန်တော်ဦးအမျိုးသမီးအဆောင်)မိသားစု၊ ဦးအောင်စိန်+ဒေါ်တင်ကြည်နှင့် ဦးဉာဏ်ဝင်းတို့အား ရည်စူး၍ ဒေါ်ဝေဝေတင့်နှင့်သားသမီးမြေးတစ်စု၊ ဦးကျော်ဝင်းစိန်+ဒေါ်အေးအေးဆွေ၊ (သမီး) မဝင်းမာလာကျော်(တိမ်လွှာအလှပြင်ဆိုင်)မိသားစု၊ ဦးငွေးရီ+ဒေါ်သီ၊ (သား) ဦးစိုးရာဇာ+ဒေါ်ရွှန်းလတ်ခိုင်မိသားစု(ပါအယ်ကျေးရွာ)၊ ရပ်ကွက်ပြည်သူများ၊ ဘုံဆွမ်းလောင်းအသင်းသား၊ အသင်းသူများက လောင်းလှူခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(ဝ၄ဝ)

## မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေး



**ကျောက်ဆည် ဖေဖော်ဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သပြေကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ကျောက်ဆည်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ရီရီဦးက သပြေကုန်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံ၍ မြစိမ်းရောင် ကျေးရွာစီမံကိန်း ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းမူဘောင်ပါ လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများနှင့် ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားပြီး စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ သပြေကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၅ ဦးကို ငွေကျပ် ၃၃ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၆၀ ဦးကို ငွေကျပ် ၁၆ ဒသမ ၉ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၅ ဦးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၀ ဒသမ ၂ သန်းကို Mobile Financial Payment စနစ်ဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ) (၄၄၅)**

## မြစ်သားမြို့နယ်၌ ရွှေဖလားမျိုး ကြက်သွန်နီစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း



**မြစ်သား ဖေဖော်ဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ငါးဆူကျေးရွာအုပ်စု၊ ရွှေကြာအင်းကျေးရွာ၌ ဒီဇင်ဘာလတွင် စိုက်ပျိုးထားသည့် ရွှေဖလားမျိုး ကြက်သွန်နီစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ရွှေဖလားမျိုး ကြက်သွန်နီ တစ်ဧက စိုက်ပျိုးမည်ဆိုပါက မျိုးစေ့နှစ်ပြည် ပျိုးထောင်စိုက်ပျိုး၍ အသုံးပြုရကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် ရွှေဖလားမျိုးဖိုး ငွေကျပ်လေးသိန်း၊ စိုက်ပျိုးရန်မြေပြင်ထယ်၊ ထွန်ယက်ခ ငွေကျပ်သုံးသိန်း၊ ပျိုးနုတ်ပြောင်းရွှေ့စိုက်ပျိုးစရိတ် ငွေကျပ်နှစ်သိန်း၊ မြေဆီမြေဩဇာ ငွေကျပ်သုံးသိန်း၊ ပိုးသတ်ဆေးဖိုး ငွေကျပ်နှစ်သိန်းခန့်၊ ကြက်သွန်နီတူးဖော်ခ ငွေကျပ်နှစ်သိန်းခန့် ခန့်မှန်းကုန်ကျကြောင်း၊ ကြက်သွန်နီစိုက်ပျိုးရန် ကိုယ်ပိုင်မြေမရှိ၍ မြေအငှားဖြင့် စိုက်ပျိုးပါက ငွေကျပ်တစ်သိန်းငါးသောင်းမှ ငွေကျပ်နှစ်သိန်းခန့် ကုန်ကျကြောင်း ကြက်သွန်စိုက်ပျိုးသူ ဦးဝင်းမြင့် ပြောသည်။

မြစ်သားမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း ၉၂ အုပ်စုရှိ၍ ဒေသရေမြေသဘာဝ ထွက်ရှိမှု၊ ဝယ်ယူမှု၊ စားသုံးမှုနှင့် ကိုက်ညီသော အထွက်ကောင်းသည့် ရွှေဖလားမျိုးကြက်သွန်နီများကို ဒေသခံတောင်သူများက ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

**ဝါဝါမြင့်(မြစ်သား)**

*-*-*-*-*-*-*

# မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်တော် ပရိယတ္တိသဒ္ဓမ္မမာမက အသင်းကြီး



မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော ဗုဒ္ဓကျမ်းစာတရားတော်များကို ပါဠိမြန်မာစာပေမှ အင်္ဂလိပ်စာဖြင့် ကမ္ဘာအနှံ့ သာသနာပြုနိုင်ရန် ရည်ရွယ်၍ ဤအသင်းကြီးကို စတင်ဖွဲ့စည်းခဲ့ပါသည်။

၁၉၂၁ခုနှစ်၊ (၁၃၆၃ ခုနှစ်) နှစ်ဦးပိုင်း ရန်ကင်းတောင်ဥယျာဉ် ပရိယတ္တိစာသင်တိုက် ဥပဋ္ဌာကအဖွဲ့ အသင်းအစည်းအဝေးမှ စတင်ခဲ့ပါသည်။ စာသင်တိုက်အစည်းအဝေးအပြီးတွင် စာသင်တိုက်ကြီး၏ ပဓာနနာယကဆရာတော် ဦးဇောတိက(ယခု ကမ္ဘာ့ငြိမ်းချမ်းရေးတက္ကသိုလ်၏ ပါမောက္ခချုပ် ဒေါက်တာဇောတိက)မှ ရန်ကင်းတောင်တော် ပရိယတ္တိသဒ္ဓမ္မမာမက အသင်းကြီး တည်ထောင်၍ တစ်နိုင်ငံလုံးမှ ရဟန်းသံဃာတော်များနှင့် သီလရှင်ဆရာလေးများအတွက် စာမေးပွဲကျင်းပလိုကြောင်း မိန့်ကြားရာ အသင်းမှ ဝမ်းမြောက်ဝမ်းသာ သာဓု အနုမောဒနာ ခေါ်ဆို၍ လက်ခံခဲ့ကြပါသည်။

ဤသို့ဖြင့် အသင်းကြီးကို ၂၀၀၁ ခုနှစ်၊ (၁၃၆၃ခုနှစ်)တွင် ရန်ကင်းတောင်တော် ပရိယတ္တိသဒ္ဓမ္မမာမကအသင်းကြီးကို ဆရာတော် ဘဒ္ဒန္တဇောတိက(ဓမ္မာစရိယ M.A သီရိလင်္ကာ) ဦးဆောင်မှုဖြင့် အသင်းကြီးကို စတင်ဖွဲ့စည်းခဲ့ပါသည်။ အထူးအားပေးဂုဏ်ယူစွာဖြင့် စတင်ဖွဲ့စည်းစဉ် ဥက္ကဋ္ဌအဖြစ် ဦးချစ်အောင် (အောင်မေတ္တာဆီစက်)၊ ၈၉ လမ်း၊ ၃၂ လမ်းနှင့် ၃၃ လမ်းကြား၊ ဒေးဝန်းကိုးလုံးတကာ ဘုရားအနီးတွင် နေထိုင်သူဖြစ်ပါသည်။ အတွင်းရေးမှူးအဖြစ် ဦးမောင်မောင်စီ(စိန်ဖြိုးပဲခွဲစက်)၊ မော်ကွန်းထိန်း ဦးကြည်ဌေး(ကျီကုန်းကျေးရွာ)၊ အဖွဲ့ဝင်များအဖြစ် မန္တလေးကုန်စည်ဒိုင်မှ လူကြီးများနှင့် ပုသိမ်ကြီးမြို့နယ် ကျေးရွာများမှ လူကြီးများဖြင့် ဖွဲ့စည်းခဲ့ရပါသည်။

ပရိယတ္တိသဒ္ဓမ္မမာမကစာမေးပွဲ ကျင်းပနိုင်ရန် ပြဋ္ဌာန်းကျမ်းစာများကို ၂၀၀၁ခုနှစ်၊ (၁၃၆၃ ခုနှစ်) ဝါဆိုလဆန်း ၈ ရက်တွင် ယခုနိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ဘုရားကြီး ဦးကုမာရာဘိဝံသ၊ မန္တလေးတိုင်းသံဃနာယကဥက္ကဋ္ဌ မစိုးရိမ်ပါဠိဆရာတော်ဘုရားကြီး ဦးဝိစိတ္တာဘိဝံသ၊ မန္တလေး ဘုရားကြီးတိုက်ဆင်မင်းဆရာတော် ဦးသြဘာသာဘိဝံသ၊ မန္တလေးမြို့ မြဝတီကျောင်းတိုက် ဦးအရိယဝံသာဘိဝံသ၊ မန္တလေးမြို့ မိုးကောင်းတိုက် ဦးသာသနာဘိဝံသ၊ မြတောင်တိုက် ဆရာတော် ဦးခေမိကာဘိဝံသ၊ မန္တလေးတိုင်းကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော်ဘုရားကြီး ဦးကေသဝ ဟူသော မထေရ်ကြီး ခုနစ်ပါးတို့သည် ဥယျာဉ်စာသင်တိုက်၌ ညှိနှိုင်းတိုင်ပင်၍ ပြဋ္ဌာန်းကျမ်းစာများ ရေးဆွဲခဲ့ကြပါသည်။

စာမေးပွဲအောင် သံဃာများကို ဘွဲ့ချီးမြှင့်ရာ၌ (၁)အဘိဝရ၊ (၂) အဘိထေက၊ (၃)အဘိဝံသ တို့ သုံးမျိုးတွင် 'အဘိဝံသ'ကို အများကြိုက်သဖြင့် ချီးမြှင့်မည်ဟု ဆုံးဖြတ်ခဲ့ကြပါသည်။

စာမေးပွဲဖြေဆိုသူတို့သည် 'ပါဠိ-မြန်မာ-အင်္ဂလိပ်'သုံးဘာသာကျွမ်းကျင်ရန် ရည်ရွယ်ပါသည်။ အတန်းကို အဆင့်ငါးဆင့် သတ်မှတ်ခဲ့၍ အတန်းတိုင်း ပါဠိတော်များကို အင်္ဂလိပ်ဘာသာဖြင့် ဖြေဆိုရမှု ပါဝင်ခဲ့ပါသည်။ စာမေးပွဲကို ရဟန်း၊ သာမဏေများသာမကဘဲ သာသနာ့အနွယ်ဝင် သီလရှင်ဆရာလေးများကိုလည်း ဖြေဆိုခွင့်ပေးထားပါသည်။ ဤစာမေးပွဲကို ငါးဆင့်လုံးအောင်မြင်လျှင် 'အဘိဝံသ'၊ 'အဘိဝံသီ' ဘွဲ့များ ချီးမြှင့်ခဲ့သည်။ ငါးဆင့်လုံး နှစ်ခြားမရှိ ဆက်တိုက်အောင်မြင်လျှင် 'ဝဋံ့သကာ'ဘွဲ့ထူးကိုလည်း တွဲဖက်၍ ကပ်ပေးသည်။

၂၀၀၁ ခုနှစ်မှ ၂၀၂၆ ခုနှစ်အထိ 'အဘိဝံသ' ဆရာတော်(၃၀)ပါးနှင့် အဘိဝံသီဆရာလေး သုံးပါး မွေးထုတ်ပေးနိုင်ခဲ့ပါသည်။ ဤသုံးပါးတို့တွင် နံပါတ်(၆)အရှင်သြဘာသ၊ နံပါတ်(၁၃)အရှင်ဂဏပါလနှင့် နံပါတ်(၁၆)အရှင် သဒ္ဓန္တာဘိဝံသ တို့သည် 'ဝဋံ့သကာ'ဘွဲ့ပါ ရရှိထားကြပါသည်။ အင်္ဂလိပ်ဘာသာဖြင့် သာမဏေကျော်ဘွဲ့ရ ပုဂ္ဂိုလ်များမှ (၁)ရှင်ဥတ္တရာလင်္ကာရ(ငြိမ်းချမ်းရေးတက္ကသိုလ်)၊ (၂)ရှင်ဝဏ္ဏသိဒ္ဓိလင်္ကာရ(ဥယျာဉ်ပုသိမ်ကြီး)၊ (၃)ရှင်စန္ဒိမာလင်္ကာရ(ဥယျာဉ်ပုသိမ်ကြီး)၊ (၄)ရှင်ဝိစာရာလင်္ကာရ(မြေဥယျာဉ်စစ်ကိုင်း) တို့ ဖြစ်ကြပါသည်။

ပုသိမ်ကြီးမြို့ ရန်ကင်းတောင်တော် ပရိယတ္တိသဒ္ဓမ္မမာမကအသင်း သဒ္ဓမ္မမာမကစာမေးပွဲအတန်းနှင့် ပြဋ္ဌာန်းကျမ်းစာများမှာ

(က) မူလစာသင်တန်း

(ခ) အခြေခံစာသင်တန်း

(ဂ) အဆင့်မြင့်စာသင်တန်း

(ဃ) စာချတန်း ပထမနှစ်

(င) စာချတန်း ဒုတိယနှစ်

(စ) စာချတန်း တတိယနှစ် ဟူ၍ အတန်း (၅)တန်း ရှိပါသည်။

**(က) မူလစာသင်တန်းပြဋ္ဌာန်းကျမ်းစာများ**

အစိုးရပထမတန်းနှင့် ညီမျှသော ဝိနည်းသဒ္ဒါသင်္ဂြိုဟ်တို့ကို ပြဋ္ဌာန်းအင်္ဂလိပ်ဘာသာအတွက် Life The Buddha(ဗုဒ္ဓဝင်)နှင့် အစိုးရ(၆)တန်း အင်္ဂလိပ်စာ ပြဋ္ဌာန်းစာအုပ်

(က) ဝိနည်းကျင့်ဝတ်ဘာသာ

(ခ) ကစ္စည်းသဒ္ဒါဘာသာ

(ဂ) အဘိဓမ္မတ္ထ သင်္ဂဟဘာသာ

(ဃ) Life of the Buddha

(င) The English Standard Six

သာမဏေ အသက်(၂၀)၊ သီလရှင်အသက် (၂၅)နှစ်အတွင်း စာသင်တန်း(၃)ခုပြီးခဲ့သော 'ပရိယတ္တိသဒ္ဓမ္မမာမကာလင်္ကာရ'ဘွဲ့ ချီးမြှင့်မည်။

**(ခ) အခြေခံစာသင်တန်းပြဋ္ဌာန်းကျမ်းစာများ**

(၁) ဘိက္ခုပါတိမောက် အကုန်၊ ကင်္ခါ-နိဒါန်းမှ နိဿဂ္ဂိပါစိတ်ထိ (သီလရှင်များအတွက် ဓမ္မပဒ ပဏ္ဍိတဝဂ်မှ ဗုဒ္ဓဝဂ်)ထိ

(၂) ကစ္စည်းသဒ္ဒါနှင့် ရူပသိဒ္ဓိ သန္ဓိမှ တဒ္ဓိတ်အထိ

(၃) အဘိဓမ္မတ္ထသင်္ဂဟနှင့် ဋီကာကျော် စိတ်ပိုင်းမှ သမုစ္စည်းပိုင်းထိ

(၄) အစိုးရစာသင်ကျောင်းပြဋ္ဌာန်းသော English Standard Eight

(၅) The Dhammapada From yamaka vagga to vagga (The Verse 1 to 208)

**(ဂ) အဆင့်မြင့်စာသင်တန်းပြဋ္ဌာန်းကျမ်းစာများ**

(၁) ကျမ်းရင်းဘိက္ခု၊ ဘိက္ခုနီပါတိမောက်၊ ကင်္ခါဘိက္ခုပါတိမောက် အစမှအဆုံး အကုန် (သီလရှင်များအတွက် ဓမ္မပဒသုခဝဂ်မှ ဗြဟ္မဏဝဂ်အထိ)

(၂) ကစ္စည်းသဒ္ဒါကြီးနှင့် ရူပသိဒ္ဓိအစမှ အဆုံးအကုန်

(၃) အဘိဓမ္မတ္ထသင်္ဂဟနှင့် ဋီကာကျော် အစမှ အဆုံးအကုန်

(၄) ပဋ္ဌာန်း၊ အလင်္ကာ၊ ဆန်း

(၅) အစိုးရစာသင်ကျောင်းများတွင် ပြဋ္ဌာန်းသော English Standard Ten

(၆) The Dhammapada From piya vagga to Brahma a vagga (The Verses 209 to 423)

**(ဃ) စာချတန်း ပထမနှစ် ပြဋ္ဌာန်းကျမ်းစာများ**

(၁) ပါရာဇိကကဏ္ဍပါဠိ-အဋ္ဌကထာ

(၂) Bhikkupātimokkha

(၃) Uttamap$^3$ risad$^2$ Pam$^2$

Term paper-သုတေသနစာတမ်းတစ်ခုကို မြန်မာဘာသာဖြင့် အနည်းဆုံး ၁၀ မျက်နှာခန့် တန်ဆောင်မုန်းလဆန်း ၁၀ ရက် နောက်ဆုံးထား၍ ပေးပို့ရမည်။

**(င) စာချတန်း ဒုတိယနှစ် ပြဋ္ဌာန်းကျမ်းစာများ**

(၁) သီလက္ခန္ဓပါဠိ-အဋ္ဌကထာ

(၂) Dh$^2$ghanik$\pm$ya(1)

(၃) Dh$^2$ghanik$\pm$ya(2)

Term paper-သုတေသနစာတမ်းတစ်ခုကို ပါဠိဘာသာဖြင့် အနည်းဆုံး ၁၅ မျက်နှာခန့် တန်ဆောင်မုန်းလဆန်း ၁၀ ရက် နောက်ဆုံးထား၍ ပေးပို့ရမည်။

**(စ) စာချတန်း တတိယနှစ် ပြဋ္ဌာန်းကျမ်းစာများ**

(၁) အဋ္ဌသာလိနီပါဠိ-အဋ္ဌကထာ

(၂) Abhidhammaha Sa$^a$ gaha

(၃) Maggaga$^a$ pam

Term paper-အင်္ဂလိပ်ဘာသာဖြင့် အနည်းဆုံး(၂၀)မျက်နှာခန့် တန်ဆောင်မုန်းလဆန်း ၁ ရက် နောက်ဆုံးထား၍ ပေးပို့ရမည်။

မှတ်ချက်။ သုတေသနပါသော မိမိနှစ်သက်ရာ ခေါင်းစီးကို မော်ကွန်းထိန်းထံ ပေးပို့ရမည်။ ရက်မတိုင်မီ အနည်းဆုံး သုံးလ ကြိုတင်အတည်ပြုချက်ရပြီးမှ ရေးရမည်။

**အောင်မှတ်သတ်မှတ်ချက်**

(က) ပထမနေ့ ပါဠိပုစ္ဆာကို အမှတ်(၁၀၀) ပေး၍ (၅၅)မှတ်ရသူ အောင်မြင်သူအဖြစ် သတ်မှတ်သည်။

(ခ) ဒုတိယ-တတိယနေ့ အင်္ဂလိပ်စာမေးခွန်း(၁၀၀)ပေး၍ (၅၀)မှတ်ရသူကို အောင်မြင်သူဟု သတ်မှတ်သည်။

(ဂ) မဖြေမနေရ ပုစ္ဆာများ ဖြေခဲ့သော် နောက်ဆုံးအဖြေပုစ္ဆာကို သတ်မှတ်ရမည်။

**ဖြေဆိုခွင့်ရှိသူ**

(က) ပရိယတ္တိသဒ္ဓမ္မမာမက အဆင့်မြင့် အောင်မြင်ပြီးသူများကို ဓမ္မာစရိယစာချတန်းတွင် ဖြေဆိုခွင့်ရှိသည်။

(ခ) အခြား သ၊ စ၊ အ ဓမ္မာစရိယဘွဲ့ ရရှိပြီးသော ပုဂ္ဂိုလ်များသည် စာသင်တန်းတွင် အင်္ဂလိပ်နှစ်ရက်ကိုသာ ဖြေဆိုရန် ဓမ္မာစရိယ စာချတန်းတွင် ပြဋ္ဌာန်းချက် ဘာသာရပ်အားလုံး ဖြေဆိုရမည်။

**အထူးမှတ်ချက်**

(က) သ၊ အ၊ စ ဓမ္မာစရိယဘွဲ့တစ်ခုခုနှင့် အင်္ဂလိပ်ဘာသာဖြင့် B.A, M.A, Ph.D ဘွဲ့ တစ်ခုခုရရှိပြီးသော ရဟန်း၊ သီလရှင်လေးများနှင့် ဥယျာဉ်စာသင်တိုက် အင်္ဂလိပ်ဘာသာရပ် ပါရှိသော ဓမ္မာစရိယဘွဲ့ ရရှိတော်မူသော ရဟန်းများ စာချတန်းကို တိုက်ရိုက်ဖြေဆိုခွင့်ပြုသည်။

(ခ) သတ်မှတ်ထားသော အသက်နှစ်ခြား၍ စာသင်တန်း(၃)ခုလုံး ပြီးခဲ့သော 'သဒ္ဓမ္မမာမကာလင်္ကာရ'ဘွဲ့၊ နှစ်မခြား ဆက်တိုက်ပြီးခဲ့သော 'သဒ္ဓမ္မမာမက ဝိသိဋ္ဌာလင်္ကာရ'ဘွဲ့ကို ချီးမြှင့်သည်။

(ဂ) အခြေခံမှ စာချတန်း တတိယနှစ်ထိ နှစ်ခြားမရှိ ဆက်တိုက်အောင်မြင်ခဲ့သော 'သဒ္ဓမ္မမာမက ဓမ္မာစရိယဝဋံ့သကာ'ဘွဲ့ ချီးမြှင့်သည်။

(ဃ) မူလတန်းမှ စာချတန်းတတိယနှစ်အထိ နှစ်ခြားမရှိ အောင်မြင်ခဲ့သော 'သဒ္ဓမ္မမာမကဝိသိဋ္ဌဝဋံ့သကာ'ဘွဲ့ကို ချီးမြှင့်ပါသည်။

ဤသို့ ဗုဒ္ဓဘာသာ၏ မထေရ်ကြီးခုနစ်ပါးဖြင့် ဆုံးဖြတ်ချက်ချမှတ်ခဲ့သော ပရိယတ္တိသဒ္ဓမ္မမာမကစာမေးပွဲကြီးကို ကျင်းပလာခဲ့သည်မှာ ငွေရတုသဘင်သို့ ရောက်ရှိခဲ့ပါပြီ။

ငွေရတုသဘင်ပွဲကို ခမ်းနားထည်ဝါစွာ ကျင်းပပြီး 'အဘိဝံသ'၊ 'အဘိဝံသီ'ရရှိတော်မူသော သာသနာ့အာဇာနည်များအား အထူးဂုဏ်ပြုပူဇော်ပွဲကို ၁၅-၂-၂၀၂၆ တွင် ကျင်းပခဲ့သည်။ ထိုဂုဏ်ပြုပူဇော်ပွဲတွင် လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မငွေကျပ် ၁၀ သိန်းတို့အား တစ်ပါးချင်းဆက်ကပ်လှူဒါန်းပူဇော်ခဲ့သည်။

အဘိဝံသ-အဘိဝံသီ ၂၇ ပါးတို့အား တစ်ပါးလျှင် ငွေကျပ် ၁၀ သိန်းစီနှင့် ပင့်သံဃာမဟာထေရ်အရှင်မြတ်အပါး ၃၀ တို့အား တစ်ပါးလျှင် ငွေကျပ် တစ်သိန်းစီ လှူဒါန်းပူဇော်နိုင်ခဲ့သည်။

**အဘိဓမ္မဓရ သက်ဦးဆွေ**

# လောင်းမတ်ချ်-၁၀ ဒုံးပျံနှင့် မင်ကျိုးအာကာသယာဉ် လွှတ်တင်၊ တရုတ်နိုင်ငံ၏ လကမ္ဘာသို့ လူလိုက်ပါသည့် ခရီးစဉ် ပိုမိုနီးကပ်လာ



**ပေကျင်း ဖေဖော်ဝါရီ ၁၆**

တရုတ်နိုင်ငံသည် လကမ္ဘာသို့ လူလိုက်ပါသည့် ခရီးစဉ်တစ်ခုဆီသို့ ခြေတစ်လှမ်း ပိုမိုနီးကပ်လာပြီဖြစ်ပြီး လောင်းမတ်ချ်-၁၀ ဒုံးပျံနှင့် မင်ကျိုးအာကာသယာဉ်တို့ကို ယမန်နေ့က အောင်မြင်စွာလွှတ်တင်နိုင်ခဲ့ကြောင်း စီကျီတီအန် သတင်းဌာနက ဖော်ပြသည်။

လောင်းမတ်ချ်-၁၀ ဒုံးပျံသည် စပေ့အက်စ်ကုမ္ပဏီသုံး ဖယ်လ်ကွန် ၉ ဒုံးပျံများကဲ့သို့ပင် တွန်းကန်အားပေးသည့် အဆင့်ကို ပြန်လည်အသုံးပြုနိုင်ခြင်းကြောင့် ထူးခြားချက်ရှိပြီး စမ်းသပ်မှုအပြီးတွင် သမုဒ္ဒရာအတွင်းသို့ ပြန်လည်ကျဆင်းခဲ့သည်။

ထို့ပြင် ယခုလွှတ်တင်မှုသည် လွှတ်တင်စင်အသစ်တစ်ခုမှ ပထမဆုံးအကြိမ် လွှတ်တင်ခြင်းဖြစ်ပြီး တရုတ်နိုင်ငံအနေဖြင့် လာမည့် ၂၀၃၀ ပြည့်နှစ်တွင် လကမ္ဘာသို့ လူစေလွှတ်သည့် ခရီးစဉ်တစ်ခုကို အကောင်အထည်ဖော်ရန် စီစဉ်ထားသည်။

လောင်းမတ်ချ်-၁၀ ဒုံးပျံသည် အရည်ပျော်အောက်ဆီဂျင်နှင့် ရေနံဆီတို့ကို လောင်စာအဖြစ်အသုံးပြုသည့် ဝိုင်အက်ဖ်-၁၀၀ အင်ဂျင်အမျိုးအစားကို အသုံးပြုထားခြင်းဖြစ်ကြောင်းနှင့် စပေ့အက်စ်၏ ဖယ်လ်ကွန် ၉ ဒုံးပျံရှိ မာလင်အင်ဂျင်များသည်လည်း အလားတူလောင်စာကိုပင် အသုံးပြုခဲ့ကြောင်း သိရသည်။ **Mon**






# တရုတ်နိုင်ငံသို့ ပြည်ဝင်ခွင့်ဗီဇာမလိုဘဲ ရက်ပေါင်း ၃၀ အထိ ဗြိတိန်နှင့် ကနေဒါနိုင်ငံသားများ သွားရောက်လည်ပတ်နိုင်မည်

**လန်ဒန် ဖေဖော်ဝါရီ ၁၆**

ဖေဖော်ဝါရီ ၁၇ ရက်မှ စတင်ကာ ဗြိတိန်နှင့် ကနေဒါနိုင်ငံသားများသည် တရုတ်ပြည်မကြီးသို့ ပြည်ဝင်ခွင့်ဗီဇာမလိုဘဲ ရက်ပေါင်း ၃၀ အထိ သွားရောက်လည်ပတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ခရီးသွားလာရေး၊ စီးပွားရေးသို့မဟုတ် မိသားစုနှင့် မိတ်ဆွေများထံ သွားရောက်လည်ပတ်ခြင်းတို့အတွက် ဗီဇာကင်းလွတ်ခွင့်ပြုမည်ဖြစ်ပြီး အဆိုပါမူဝါဒကို ကနဦးအနေဖြင့် ဒီဇင်ဘာ ၃၁ ရက်အထိ သတ်မှတ်ထားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ယခင်လက ဗြိတိန်ဝန်ကြီးချုပ် ဆာကီယာစတားမာ တရုတ်နိုင်ငံသို့ သွားရောက်ခဲ့သည့် တရားဝင်ခရီးစဉ်အတွင်း တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံကာ ခရီးသွားလာမှုဆိုင်ရာ စည်းမျဉ်းများကို ဖြေလျှော့ပေးရန် သဘောတူညီခဲ့ပြီးနောက် ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်သည်။

အဆိုပါသဘောတူညီချက်သည် စီးပွားရေးလုပ်ငန်းများ တရုတ်နိုင်ငံသို့ တိုးချဲ့လုပ်ကိုင်ရန် ပိုမိုလွယ်ကူလာစေမည်ဟု ဝန်ကြီးချုပ်က ပြောကြားသော်လည်း ဝေဖန်သူများကမူ ဗြိတိန်အစိုးရ၏ ပေကျင်းနှင့် ဆက်ဆံရေးပြန်လည်ထူထောင်ရန် ကြိုးပမ်းမှုသည် လူ့အခွင့်အရေးနှင့် အမျိုးသားလုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများကို လျစ်လျူရှုထားသည်ဟု ထောက်ပြကြကြောင်းသိရသည်။ **Mon**

၀-၀-၀-၀-၀-၀

# STOP AIDS

# ၂၀၂၅ ခုနှစ်အတွင်း ရုရှားခရီးသွားများ၏ ပြည်ပထွက်ခွာမှု မြင့်တက် တရုတ်နိုင်ငံသို့ သွားရောက်မှု ၃၃ ဒသမ ၆ ရာခိုင်နှုန်းအထိ တိုးတက်လာ

**မော်စကို ဖေဖော်ဝါရီ ၁၆**

၂၀၂၅ ခုနှစ်အတွင်း ရုရှားခရီးသွားများ၏ ပြည်ပထွက်ခွာမှုအရေအတွက်သည် ၁၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး တရုတ်နိုင်ငံသို့ သွားရောက်မှုမှာ ၃၃ ဒသမ ၆ ရာခိုင်နှုန်းအထိ တိုးတက်လာကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

တရုတ်နိုင်ငံသို့ ခရီးသွားလာမှု ယခုကဲ့သို့ မြင့်တက်လာခြင်းမှာ ဗီဇာကင်းလွတ်ခွင့်ပြုခြင်း၊ လေကြောင်းခရီးစဉ်များ တိုးချဲ့ခြင်းနှင့် ချာတာလေယာဉ် ဝန်ဆောင်မှုအသစ်များကြောင့်ဖြစ်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်ကြသည်။

အဆိုပါ တိုးတက်မှုနှုန်း၏ အဓိကအစိတ်အပိုင်းမှာ ရုရှားနိုင်ငံအရှေ့ဖျားဒေသရှိ နေထိုင်သူများ၊ အထူးသဖြင့် နယ်စပ်ဒေသများတွင် နေထိုင်သူများကြောင့်ဖြစ်ကြောင်း သိရသည်။ **Mon**

# အမေရိကန်က စီးပွားရေးပိတ်ဆို့မှုများ ရုပ်သိမ်းပေးရေး ဆွေးနွေးလျှင် နျူကလီးယားသဘောတူညီချက် လိုက်လျောမှုများကို စဉ်းစားရန် အီရန်အသင့်ရှိ

**တီဟီရန် ဖေဖော်ဝါရီ ၁၆**

အမေရိကန်ဘက်မှ စီးပွားရေးပိတ်ဆို့မှုများ ရုပ်သိမ်းပေးရေး ဆွေးနွေးလိုပါက အီရန်အနေဖြင့် နျူကလီးယားသဘောတူညီချက်ရရှိရန် လိုက်လျောမှုများကို စဉ်းစားသွားရန် အသင့်ရှိသည်ဟု အီရန်ဒုတိယနိုင်ငံခြားရေးဝန်ကြီး မာဂျစ်တာ့ခ်ရာဗန်ချီပြောကြားကြောင်း သိရသည်။

ယင်းကဲ့သို့ ရှည်လျားလှသည့် ညှိနှိုင်းမှုဖြစ်စဉ်အတွင်း တိုးတက်မှုများ နှောင့်နှေးနေရခြင်းမှာ အမေရိကန်ကြောင့်မဟုတ်ဘဲ အီရန်ကြောင့်သာဖြစ်ကြောင်း အမေရိကန်အရာရှိများက ထပ်တလဲလဲ အလေးပေးပြောဆိုထားကြသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် သဘောတူညီချက်တစ်ခုရရှိရန် ဆန္ဒရှိသော်လည်း အီရန်နှင့် ညှိနှိုင်းရန်မှာ အလွန်ခက်ခဲကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုက မှတ်ချက်ချခဲ့သည်။



သို့သော် တီဟီရန်မြို့တွင် ပြုလုပ်သည့် ဘီဘီစီနှင့် အင်တာဗျူး၌ အီရန်က သဘောတူညီချက်ရလိုကြောင်း သက်သေပြရန်မှာ အမေရိကန်၏ တာဝန်သာဖြစ်ကြောင်းနှင့် အမေရိကန်ဘက်မှ ရိုးသားပါက သဘောတူညီချက်ရရှိမည့် လမ်းစပေါ်သို့ ရောက်ရှိရန်ယုံကြည်သည်ဟု ၎င်းကထုတ်ဖော်ပြောကြားကြောင်း သိရသည်။ **Mon**

# နယူးဇီလန်နိုင်ငံ မြောက်ကျွန်းတစ်လျှောက်တွင် မိုးသည်းထန် သဘော်ပြေးဆွဲမှုများ ပြတ်တောက်ကာ လမ်းမများ ပိတ်ထားရ

**ဝယ်လင်တန် ဖေဖော်ဝါရီ ၁၆**

နယူးဇီလန်နိုင်ငံ မြောက်ကျွန်းတစ်လျှောက်တွင် ဖေဖော်ဝါရီ ၁၆ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုများကြောင့် လေကြောင်းခရီးစဉ်များ၊ ရထားလမ်းများနှင့် ကူးတို့သဘော်ပြေးဆွဲမှုများ ပြတ်တောက်ကာ လမ်းမကြီးအများအပြားကို ပိတ်ထားခဲ့ရသည့်အပြင် လူပေါင်းသောင်းနှင့်ချီ၍ လျှပ်စစ်မီးပြတ်တောက်မှုများ ကြုံတွေ့ခဲ့ရကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဝယ်လင်တန်မြို့တော်ရှိ လေဆိပ်အာဏာပိုင်များက နံနက်ပိုင်း လေကြောင်းခရီးစဉ်အများစု ပြတ်တောက်ခဲ့ကြောင်း ပြောကြားခဲ့သော်လည်း မွန်းလွဲပိုင်းတွင် အချို့သောခရီးစဉ်များကို ပြန်လည်စတင်နိုင်ပြီဖြစ်ကြောင်း ဒေသတွင်းသတင်းဌာနများက ဖော်ပြကြသည်။

အဲနယူးဇီလန် လေကြောင်းလိုင်းအနေဖြင့် ဝယ်လင်တန်၊ နေပီယာနှင့် ပါမာစတန်မြောက်ပိုင်းလေဆိပ်များရှိ လုပ်ငန်းစဉ်များကို ခေတ္တရပ်ဆိုင်းထားခဲ့ပြီးနောက် တနင်္လာနေ့နှောင်းပိုင်းတွင် ရာသီဥတုအခြေအနေ ကောင်းမွန်လာပါက ပျံသန်းမှုများကို ပြန်လည်စတင်နိုင်ရန် မျှော်လင့်ထားကြောင်း သိရသည်။ **Mon**

# စင်ကာပူနိုင်ငံ၏ ရေနံမဟုတ်သော ပြည်တွင်းထုတ်ကုန်တင်ပို့မှု ယခင်နှစ်ကာလတူထက် ၉ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့

**စင်ကာပူ ဖေဖော်ဝါရီ ၁၆**

စင်ကာပူနိုင်ငံ၏ ရေနံမဟုတ်သော ပြည်တွင်းထုတ်ကုန်တင်ပို့မှုသည် ဇန်နဝါရီလအတွင်း၌ ယခင်နှစ်ကာလတူထက် ၉ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း စင်ကာပူစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအဖွဲ့က ဖေဖော်ဝါရီ ၁၆ ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါ တိုးတက်မှုနှုန်းသည် ဇန်နဝါရီလအတွင်း ၅၆ ဒသမ ၁ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သည့် အီလက်ထရွန်နစ်ပစ္စည်း တင်ပို့မှုများကြောင့်ဖြစ်ပြီး ယခင်လက တိုးတက်မှုနှုန်းထက် နှစ်ဆကျော် ပိုမိုများပြားနေသည်။



၎င်းမှာ အဓိကအားဖြင့် ဉာဏ်ရည်တု(အေအိုင်)နှင့် ဆက်စပ်သော ဝယ်လိုအား မြင့်မားလာခြင်းနှင့် ယခင်နှစ်၏ အခြေခံပမာဏ နည်းပါးခြင်းတို့ကြောင့် ဖြစ်သည်။

သို့ရာတွင် ပို့ကုန်တိုးတက်မှုနှုန်းမှာ ခန့်မှန်းထားသော ၁၂ ဒသမ ၁ ရာခိုင်နှုန်းအောက် လျော့နည်းခဲ့ပြီး အီလက်ထရွန်နစ်မဟုတ်သော ထုတ်ကုန်တင်ပို့မှုမှာမူ ၃ ရာခိုင်နှုန်းခန့် ကျဆင်းသွားခဲ့ကြောင်း သိရသည်။ **Mon**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၁၄)၊ ဦးပိုင်အမှတ်(၈၉+၉၀) မြေကွက်ပေါ်တွင် ဒေါ်အေးပျော့ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/ကခန(နိုင်)၀၅၂၆၇၈)က SS(၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၇)၊ ဦးပိုင်အမှတ်(၂၂-ခ) မြေကွက်ပေါ်တွင် ဒေါ်အေးအေးခိုင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/ရဉန(နိုင်)၀၀၀၃၉၄)က SS(၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၁၅)၊ ဦးပိုင်အမှတ်(၄၉) မြေကွက်ပေါ်တွင် ဦးရဲလွင်ဦး(ပါ-၃) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/ကမန(ဧည့်)၀၀၀၈၃၄)က SS(၄)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ(ခြံစည်းရိုး)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၁၀)၊ ဦးပိုင်အမှတ်(၈၂+၈၃)၊ မြေကွက်ပေါ်တွင် ဦးမိုဟန် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မကန(နိုင်)၁၁၃၉၀၂)က ဝင်းခြံကာရံခွင့်(ခြံစည်းရိုး)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၇၀)၊ ဦးပိုင်အမှတ်(၄-င)၊ ဒေါ်ဖွားရန် အမည်ပေါက် ဘိုးဘပိုင်မြေကွက်အတွင်းမှ ဧရိယာ(၇ ပေ× ၂၈ ပေ)အကျယ်အဝန်းရှိ ဘိုးဘပိုင်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ဘုတ်ပြား(၂)ထပ်၊ မီးမီတာ၊ ရေမီတာ(ဆက်လက်သုံးစွဲပိုင်ခွင့်)၊ ဝင်းခြံအကာအရံ အပါအဝင် မြေပေါ်မြေအောက် နေထိုင်ပိုင်ဆိုင်ခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်အရပ်ကတိစာချုပ် အဆင့်ဆင့်ဖြင့် ဝယ်ယူခဲ့ပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ ပြန်လည်လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု အဆိုပြုရောင်းချသူ ဦးဟိန်းထက်(ဘ)ဦးဇော်မျိုးထွန်း(၉/မဟမ(နိုင်)၀၅၂၃၉၄)မှ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်တို့၏မိတ်ဆွေမှလည်း ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်ခင်စန္ဒာထွေး**(LL.B, D.B.L, D.I.L) — **တရားလွှတ်တော်ရှေ့နေ**

**ဦးသန်းထိုက်အောင်**(LL.B) — **အထက်တန်းရှေ့နေ**

**ဖုန်း ၀၉-၄၄၄၀၁၆၇၈၄**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ်(၄၁၇)၊ ဦးပိုင်အမှတ်(၁၀၁-ဈ၊ ၄)၊ ဧရိယာ(၀ ဒသမ ၀၅၉၆)ဧကေ အကျယ်အဝန်းရှိ ဒေါ်ယဉ်ရွှေလှ(ခ)ရွှေလှ အမည်ပေါက် ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ (SS)နှစ်ထပ်၊ ရေမီတာ၊ မီးမီတာ၊ အဝီစိတွင်း(ဆက်လက်သုံးစွဲပိုင်ခွင့်)အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ ပြန်လည်လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု အဆိုပြုရောင်းချသူ ဒေါ်ယဉ်ရွှေလှ(ခ)ရွှေလှ(ဘ)ဦးမြင့်တက်(၉/မနမ(ဧည့်)၀၀၀၀၉၀)မှ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်တို့၏မိတ်ဆွေမှလည်း ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်ခင်စန္ဒာထွေး**(LL.B, D.B.L, D.I.L) — **တရားလွှတ်တော်ရှေ့နေ**

**ဦးသန်းထိုက်အောင်** — **အထက်တန်းရှေ့နေ**

**ဖုန်း ၀၉-၄၄၄၀၁၆၇၈၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၆၈)၊ ဦးပိုင်အမှတ်(၁၁)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကေ အကျယ်အဝန်းရှိ ဦးသန်းထွန်း အမည်ပေါက်ဂရန်မြေကွက်အတွင်းမှ တောင်ဘက်ဆုံးအခြမ်း ဧရိယာပေ(၂၀× ၄၀)အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ရှိ (၂)ထပ်အိမ် အဆောက်အအုံ၊ ရေ+မီး အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်များအားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးသန်းထွန်း(ဘ)ဦးရေအုပ်(၉/အမရ(နိုင်)၀၁၂၇၇၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေတို့က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ပိုင်း ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း စာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်တင်မာဝင်း(စဥ်-၉၃၉၄)**(LL.B, D.B.L,D.I.L)

**တရားလွှတ်တော်ရှေ့နေ**

**အကွက်(ဃ/၂)၊ ၆၂ လမ်းနှင့် ၆၄ လမ်းကြား၊ မနော်ဟရီလမ်း၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၃၀၄၈၃၃၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၉)၊ ဦးပိုင်အမှတ်(၁၂၅)၊ ဧရိယာ(ပေ ၃၀× ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်သည် အောင်မြေသာစံမြို့နယ်၊ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကောင်စီမှ ဦးဝင်းစိန်(ဘ)ဦးဝင်းကျော်(၉/မနတ(နိုင်)၀၃၃၁၂၇)အား တရားဝင်ချပေးထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ ချထားပေးသည့် မြေစလစ်မူရင်းမှာ ကျွန်မ၏လက်ဝယ်တွင် အသိမ်းလွန်၍ ပျောက်ဆုံးသွားခဲ့ပါသည်။ လက်ရှိဝယ်ယူပိုင်ဆိုင်နေထိုင်လျက်ရှိသူမှ သက်ဆိုင်ရာဌာနသို့ မြေစလစ်မူရင်းခွဲ လျှောက်ထားသွားမည်ဖြစ်ကြောင်း ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစပြီး (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သဲသဲ**

**၉/မဟမ(နိုင်)၀၃၀၈၈၉**

**မြို့သစ်(၂)ရပ်၊ ချမ်းမြသာစည်မြို့နယ်၊**

**မန္တလေးမြို့။**

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးခင်မောင်မြင့်** LL.B(Advocate)

**တရားလွှတ်တော်ရှေ့နေ(စဥ်-၃၃၇၅)**

**၆၅ လမ်းနှင့် ၆၆ လမ်းကြား၊**

**ရေနီမြောင်းလမ်း၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၀၂၅၉၆၅၅၁**

## အများသိရှိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၄)၊ ဦးပိုင်အမှတ်(၅၆-ခ)+(၅၆-က)၊ ဧရိယာ(၂၂ ဒသမ ၅× ၃၀)+ (၁၅ ပေ× ၄၅ ပေ)အကျယ်အဝန်းစီရှိ မြေကွက်များအား ယခုရောင်းချသူ ဦးရဲဇင်ထွန်း(ဘ)ဦးစိုးမြင့်(၅/ရဘန(နိုင်)၁၉၃၃၅၁)ကိုင်ဆောင်သူမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် လက်ရှိလက်ရောက်နေထိုင်ပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ပါကြောင်းနှင့် မြေယာပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းပါကြောင်း ဝန်ခံကတိပြုပြောဆိုရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီထားပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံတိကျသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် (၁၀)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နန်းဆိုင်ပွဲ(ခ)ဒေါ်နိုင်စာထွန်း**(LL.B)

**ဒေါ်ချယ်ရီမို့မို့သိန်း**(LL.B) **ဒေါ်အေးနိုင်ညွန့်**(LL.B)

**တရားလွှတ်တော်ရှေ့နေများ**

**အကွက်(ဝ-၁၀/၆၃)၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၃၀၁၁၉၁၆၊ ၀၉-၇၇၆၅၁၁၆၆၀၊ ၀၉-၂၅၉၀၀၁၀၅၆၊ ၀၉-၄၄၄၀၁၇၆၈၃**

## ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်၊ အကွက်အမှတ်(၄၁၅/N)၊ ဦးပိုင်အမှတ်(၁၄၅)မြေကွက်အတွင်းမှ မျက်နှာစာအရှေ့အနောက်(၁၅ ပေ)၊ တောင်မြောက်(၃၅ ပေ)အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ ရေ+မီး အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူလက်ရောက်ရရှိထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသည့် ၁။ ဒေါ်ဝင်းမာ(ဘ)ဦးငြိမ်း(၉/မနမ(နိုင်)၀၈၁၃၄၀)၊ ၂။ ဒေါ်မနှင်းရီ(ဘ)ဦးကျော်ညွန့်(၉/မနမ(နိုင်)၀၀၅၉၅၀)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ချင်ကိုင်(ပါ-၃)ဦးက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးစေလင်းမောင်**(LL.B)

**(တရားလွှတ်တော်ရှေ့နေ)**

